ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (4-3-2008) (၅၆၁၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းတက်လှမ်းနိုင်ရေး လုပ်ငန်းစဉ်များကို အဖျက်အမှောင့်အမျိုးမျိုးကြားကနေ ရင်ဆိုင်ဖြတ်သန်းရင်း အောင်အောင်မြင်မြင် ဖြစ်ထွန်းလာစေဖို့ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးအတွက် ပညာဉာဏ်ဖြင့် ဆန်းစစ်ပိုင်းခြား ဆုံးဖြတ်နိုင်ရန် အလွန်အရေးကြီး

နေပြည်တော် မတ် ၃

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အဆိုပါ မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဗိုလ်ချုပ်သာအေး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်တက္ကသိုလ် Computer Training Centre နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror တိုင်းရင်းသားအဖွဲ့တွေက စွန့်ခွာမောင်းထုတ်ခဲ့လို့ ဗကပဆိုတာ သမိုင်းရဲ့အမှိုက်ပုံထဲကို ရောက်သွားခဲ့ရတာလည်း အားလုံးအသိ

၁၉၈၈ အရေးအခင်းနောက်ပိုင်းမှာလည်း တပ်မတော်အစိုးရတော့ အကျပ်အတည်း ဆိုက်နေပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ အပိုင် တွယ်ဖို့ ရှိစုမဲ့စုအင်အားနဲ့ မိုင်းယန်းဒေသကို ဝင်တိုက်ခဲ့ရာမှာ အရှုံးကြီးရှုံးခဲ့ပြီး အမြဲတမ်း အမှားကြီးမှားနေခဲ့တဲ့ ဗကပ ကေဒါဟောင်းကြီးတွေကို တိုင်းရင်းသားအဖွဲ့တွေက စွန့်ခွာမောင်းထုတ်ခဲ့လို့ ဗကပဆိုတာ သမိုင်းရဲ့ အမှိုက်ပုံထဲကို ရောက်သွားခဲ့ရတာလည်း အားလုံးအသိပါပဲ။

အခုလည်းပဲ အနောက်အုပ်စုရဲ့ အလိုကျ ဒီဆန္ဒခံယူပွဲကို ဖျက်ဖို့ မဖျက်နိုင်ရင် ကန့်ကွက်မဲ ပေးဖို့ ပြောနေပြန်ပါတယ်။ သူတို့ပြောသလိုသာ လိုက်လုပ်ကြရင် မြန်မာပြည်မှာ ဒီမိုကရေစီပေါ်လာဖို့အရေး ပိုဝေးသွားဖို့ကလွဲလို့ တခြား ဘာမှအကျိုးဖြစ်မလာနိုင်တာ ရှင်းရှင်းကြီးပါ။

ရန်ကြီးအောင်၏ **“တစ်ဖက်သတ်အစွဲများနှင့် အမြီးမှားခဲ့သည့် တိုင်းပြည့်အန္တရာယ် (သို့မဟုတ်) ဗကပ”** (ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၄-၃-၂၀၀၈
(အင်္ဂါနေ့)

ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုး စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်

တနင်္သာရီတိုင်းသည် ရေမြေ၊ သစ်တော၊ သတ္တု ပေါများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ရာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်သည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သဘာဝအခြေအနေပေးမှုများနှင့်အညီ ပင်လယ်ပြင်မှ ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်းများကို ထုတ်ယူရရှိနိုင်သကဲ့သို့ ငါး၊ ပုစွန်မွေးမြူရေးနှင့် ပင်လယ်ထွက်ပေါက်မှတစ်ဆင့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်လျက်ရှိသည်။

ထို့အပြင် ဒေသ၏ ရေမြေရာသီဥတုကောင်းမွန်မှုကြောင့် ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးနေကြသည်ကို တွေ့ရသည်။ ယခုအခါ ဆီအုန်းဧကနှစ်သိန်း၊ ရော်ဘာဧကနှစ်သိန်းနီးပါးနှင့် ငရုတ်ကောင်း ဧကသုံးသောင်းကျော် စိုက်ပျိုးထားကြောင်း သိရသည်။ တိုင်းအတွင်း စားနပ်ရိက္ခာ ဖူလုံသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ရာ ခရိုင်၊ မြို့နယ်အလိုက် ဆန်စပါးဖူလုံရေး ဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သည်။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးသည် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်မှုအပေါ်တွင် အခြေခံသည်ဖြစ်ရာ တိုင်းအတွင်း မိုင် ၄၀၀ ကျော်ရှည်သည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ကားလမ်းမကြီးကို ဖောက်လုပ်ပေးထားပြီးဖြစ်သည်။

အလားတူ လမ်းမကြီးတစ်လျှောက် လိုအပ်သည့် တံတားကြီးများဖြစ်သော ဝင်းဝ၊ ပလောက်၊ ပုလော၊ ကျွဲကူး-ကျောက်ဖြာ၊ ပသောင်း၊ တနင်္သာရီနှင့် လေညာမဏ္ဍိုင်တံတားတို့ကိုလည်း တည်ဆောက်ပေးထားရာ ပြည်သူများ ထားဝယ်-မြိတ်မှသည် ကော့သောင်းအထိ လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်လျက်ရှိသည်။

နိုင်ငံတော်၏ အားပေးပံ့ပိုး ဖြည့်ဆည်းမှုများနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တောင်သူများအားလုံးက အောင်မြင်ဖြစ်ထွန်းနေသည့် ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ သားငါးကဏ္ဍ ဝင်ငွေတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်ကြခြင်းတို့ဖြင့် ဒေသ၏စီးပွားရေး ပိုမိုတောင့်တင်းခိုင်မာလာမည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူ နှစ်ဖက်အဘိုးအဘွားမိဘများနှင့် ဇနီး မိုးကုတ်ယောဂီ ဒေါ်တင်ကြည်အားရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် စကားဝါပင်အောက်လမ်းနေ ဦးလှသောင်းမိသားစုက မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို တိ-နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်နှင့် တိ-နိ(မန္တလေးဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဗဟန်း ဦးချစ်မောင်လမ်းနေ ကိုနိုင်နိုင် မွေးနေ့အတွက် ကိုနိုင်နိုင်-မဝတ်မှုန်၊ သမီးလေး အိမ်ဂင်္ဂါ မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တွင်း ခုနစ်မြို့နယ်ကို ယာဉ်တိုက်မှုကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိ ယာဉ်အန္တရာယ်မဖြစ်စေရန် ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အထူးအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အထူးအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ရန်ကုန်မြို့တွင်း ခုနစ်မြို့နယ်ကို ယာဉ်တိုက်မှုကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ကျန်မြို့နယ်များကိုပါ တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း၊ ရန်ကုန်မြို့သည် လူဦးရေ ၆ ဒသမ ၆ သန်းကျော်နှင့် ယာဉ်စီးရေ တစ်သိန်းရှစ်သောင်းကျော် ရှိသည့်အတွက် တိုးတက်များပြားလာသည့် လူဦးရေ၊ ယာဉ်စီးရေကို တွက်ဆပြီး ယာဉ်အန္တရာယ်မဖြစ်စေရန် ရေတိုရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရန်ကုန်မြို့ထဲတွင် ယာဉ်ကြော ကျပ်တည်းမှုကို ဖြေရှင်းသည့်အနေဖြင့် အဆောက်အအုံ ဆောက်လုပ်ခြင်းမရှိသေးသည့် မြေကွက်လပ်များမှာ ယာယီယာဉ်ရပ်နားနေရာများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မကြာမီကာလတွင် မိုးကျမည်ဖြစ်သည့်အတွက် ယခုကတည်းက လမ်းများကောင်းမွန်ရန်၊ ရေစီးရေလာကောင်းမွန်ရန် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ယာဉ်တိုက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုလုပ်ငန်း ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်သိန်းဟန်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံ လုံး၌ ပထမ ရရှိခဲ့သော မခင်မြတ်နိုးထွန်း၊ ဒုတိယ ရရှိခဲ့သော မဖြူဖြူခင် **(ယာပုံ)**၊ ခြောက်ဘာသာ ဂုဏ်ထူးရ မရည်မွန်သန့်နှင့် ငါးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရ ကျောင်း သား များ ဆုပေးပွဲ၊ စီမံထူးချွန် (ပထမဆင့်) ရကြသော စက်မှု(၁) ညွှန် ကြား ရေး မှူး ချုပ် ဦးသိန်းအောင်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် စီမံထူးချွန် ဒုတိယဆင့်၊ တတိယဆင့်ရ ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ရ တက္ကသိုလ်ကြူကြူသင်း တို့အား ဂုဏ်ပြုပွဲ၊ စာပေဗိမာန်စာမူ ပြိုင်ပွဲ၌ ဝတ္ထုတိုပေါင်းချုပ်ပထမဆုရ မောင်ခြိမ့်၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် မယ်ဒလင် ပထမဆုရ နိုနိုရဲမောင်၊ ဒုံမင်း ပထမဆုရ မခင်မြန်မာရဲမောင် တို့အား ဆုချီးမြှင့်သည်။ (က-ပ)

သန်လျင်မြို့နယ်တွင် ဂုဏာပူဇာဓမ္မသဘင် ကျင်းပမည်

ရန်ကုန် မတ် ၃

သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျောင်းစာသင်တိုက်မှ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော် အရှင်ဣန္ဒောဘာသာလင်္ကာရ၏ ဂုဏ်ပြုချီးကျူးပူဇော်ပွဲ အထိမ်းအမှတ် အကြိုအဖြစ် ဂုဏာပူဇာဓမ္မသဘင်ကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဂုဏာပူဇာဓမ္မသဘင်ကျင်းပရေးအတွက် ဓမ္မဒါနမတည်အလှူရှင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဆရာကြီး အရပ်ဆရာအောင်-ဇနီး ဒေါ်နှင်းရည်ကျော်၊ သား မောင်ဘုန်းပြည့်ကျော် မိသားစုတို့က ငွေကျပ် ၁၂ သိန်းကို ဖေဖော်ဝါရီ ၂၉ ရက်တွင် လှူဒါန်းကြသည်။ အဆိုပါ ဂုဏာပူဇာဓမ္မသဘင်ကို မတ် ၁၉ ရက်တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ မတ် ၂၀ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ မတ် ၂၁ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သုနန္ဒ၊ မတ် ၂၂ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂီသတို့က ညစဉ် ၇ နာရီတွင် တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် ဉာဏ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မဆုမိုးဝတီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ဖက်သတ်အစွဲများနှင့် အမြဲမှားခဲ့သည့် တိုင်းပြည့်အန္တရာယ် (သို့မဟုတ်) ဗကပ

ရန်ကြီးအောင်

အရင်းရှင်မှန်သမျှ အရင်ရှင်းရမယ်ဆိုတဲ့ ကားလ်မတ်နဲ့ လီနင်ဝါဒကို ယုံကြည်ကိုးကွယ်ခဲ့ကြတဲ့ ဗကပတွေဟာ လက်တွေ့မှာတော့ အရင်းရှင်ပဂေးနိုင်ငံတွေရဲ့အောက်မှာ ခေါင်းလျှိုပြီး ခိုင်းသမျှလုပ်ခဲ့ကြလို့ ဒုတိယကမ္ဘာစစ်အပြီးမှာ ဗြိတိသျှ အင်ပါယာရဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို မြန်မာပြည်မှာ ရခဲ့တာ ဗကပတွေပဲလေ။

ဩော်–ဗကပ...ဗကပ။

"ပုရစ်တွေများ သေသွားတာတောင် မျက်လုံးကတော့ ပြူးတုန်း" ဆိုတာလို လက်ညှိုးထိုးပြစရာ အကောင်အထည်မရှိတော့တာတောင်မှ အသံနဲ့ တိုင်းပြည်ကို ဒုက္ခပေးဖို့ လုပ်နေတုန်းပါလား။

ဗကပရဲ့ ပြောရေးဆိုခွင့်ရှိသူဆိုတဲ့ ပုဂ္ဂိုလ်ကျော်တစ်ယောက်က ပညာရှိကြီးစတိုင် လေသံဖမ်းပြီး အစိုးရရဲ့ ကြေညာချက် အမှတ် ၁/၂၀၀၈နဲ့ ၂/၂၀၀၈ တို့အပေါ်မှာ ပြည်သူလူထုကို ဘာလုပ်ကြ၊ ညာလုပ်ကြဆိုပြီး မဟုတ်က ဟုတ်က ဒုက္ခဖြစ်မယ့် အကြံတွေပေးနေတာ တစ်လောက ကြားလိုက်ရလို့ပါဗျာ။ ထူးဆန်းတာကတော့ ဗမာပြည် ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူဆိုတဲ့ သူ့ရဲ့အသံက ကွန်မြူနစ်တွေရဲ့ ကမ္ဘာရန်ဆိုတဲ့ မဟာအနောက်နိုင်ငံကြီးထဲကနေထွက်လာတာပါပဲ။

ဗကပတို့ရဲ့ ထုံးစံအတိုင်း "အခုစာလေးကြော်၊ အခုဆီထမင်း" လုပ်တတ်တဲ့ အကျင့်ကတော့ မပျောက်သေးတာမို့ ဗကပ အစဉ်အလာကတော့ ကျန်သေးသကိုးလို့ သုံးသပ်မိပါရဲ့။ ကြေညာချက်တွေ ထွက်ခါစတုန်းက အခုလုပ်မယ့် ဆန္ဒခံယူပွဲဟာ အစစ်အမှန်မဟုတ်ဘဲ စစ်အစိုးရသက်တမ်းရှည်ရေး အကွက်ဆင်တာမို့ မပျက် ပျက်အောင် ဖျက်ရမယ်။ အခြေအနေက သေရေးရှင်ရေး Do or Die အခြေအနေကိုရောက်နေပြီ ဘာညာနဲ့ ပြောခဲ့တာ ကြားလိုက်ပါတယ်။ တော်ကြာနေကျတော့ လေသံက ပြောင်းသွားပြန်ပြီး ကန့်ကွက်မဲပေးတဲ့နည်းနဲ့ စစ်အစိုးရကို အလဲထိုးရမယ်။ ဖွတ်အမြီးနဲ့ ဖွတ်ကို ပြန်ချည်တဲ့နည်း သုံးရမယ်ဆိုပြီး ပြောပြန်ပါလေရော။

ဗကပတွေဟာ ရှေးရှေးတုန်းကလည်း ဒီလိုပါပဲ။ ပုတ်လောက်ရှိတဲ့စကားလုံးတွေ ဖောဖောသီသီသုံးပြီး ကျောက်ဆင်းတု ခေါင်းညိတ်အောင် ပြောတတ်ပေမယ့် ကိုယ်ပိုင်ဉာဏ်နဲ့ မှန်မှန်ကန်ကန် တွေးခေါ်တတ်တာမရှိဘဲ သူတစ်ပါး ဘေးကညွှန်ကြားသမျှကို ဘာမှမစူးစမ်း မဆင်ခြင်ဘဲ လိုက်လုပ်တဲ့နေရာမှာ တေဒဂ်ရခဲ့သလို ဟုတ်၏မှန်၏ ယုတ္တိ ရှိ၊ မရှိ မစဉ်းစားဘဲ တစ်ဖက်သတ်အစွဲနဲ့ ထင်ရာပြော ထင်ရာလုပ်တဲ့နေရာမှာလည်း ရွှေတံဆိပ်ရလောက်တဲ့သူတွေပါ။

ဒုတိယကမ္ဘာစစ်ကြီးပြီးစမှာ ဗကပရဲ့လမ်းစဉ်ဟာ အင်္ဂလိပ်ကို လက်နက်ချဖို့လောက်ပဲရှိခဲ့ပြီးတော့ လိုအပ်လာရင် "ရရင်ရ မရရင် ချမယ်"ဆိုတဲ့မူနဲ့ မြေအောက်တော်လှန်ရေးလုပ်ဖို့ ဗမာ့တပ်မတော်က လက်နက် စုဆောင်းထားတာကိုတောင်မှ အင်္ဂလိပ်တွေကို လက်တို့ပြီး တိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအရ တောင်းဆိုလို့ လွတ်လပ်ရေး ရလာပြန်တော့လည်း "ဒီလွတ်လပ်ရေးဟာ အတုအယောင် လွတ်လပ်ရေးဖြစ်တယ်။ လွတ်လပ်ရေးဆိုတာ တောင်းယူလို့ မရ၊ တိုက်ယူမှရမယ်"ဆိုတဲ့ "On the present situation in Burma and Our Task" ခေါင်းစဉ်နဲ့ ပြည်ပက တင်သွင်းလာတဲ့ စာတမ်းပါ နိုင်ငံခြားဖြစ် အတွေးအခေါ်နဲ့ လက်နက်ကိုင် ဆူပူအုံကြွမှုကို စတင်ခဲ့တာ ဖြစ်ပါတယ်။ နှစ်ပေါင်းလေးဆယ်ကျော် ကြာမြင့်ခဲ့တဲ့ ဗကပတို့ရဲ့ ဆူပူသောင်းကျန်းမှုမှာ နိုင်ငံအတွက် ဘာတွေများ အကျိုးရှိခဲ့သလဲ။ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ဆုံးရှုံးပျက်စီးခဲ့ကြရတာပဲ အဖတ်တင်ခဲ့တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

၁၉၆၃ခုနှစ်မှာ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီအစိုးရက ကမ်းလှမ်းခဲ့တော့လည်း ဆွေးနွေးဖို့ မသွားရခင်ကတည်းက "ကနေ့ ရန်သူဟာ ဖောက်ပြန်တဲ့ အမျိုးသားဓနရှင်ကြီးလူတန်းစားလက္ခဏာအရ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို ဘယ်နည်းနဲ့မှ လုပ်မှာမဟုတ်ဘူး။ အခုရန်သူရဲ့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆိုတာ တွေ့ဆုံဆွေးနွေးရေး အတုအလိမ်သာဖြစ်တယ်။ ဆိတ်ခေါင်းချိတ်ပြီး ခွေးသားလိမ်ရောင်းတာသာဖြစ်တယ်" ဆိုတဲ့ သဘောထားရှိနေခဲ့ပြီး "အခုငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိစ္စမှာ စစ်အစိုးရရဲ့ မျက်ခုံးမွေးပေါ် စကြီး လျှောက်နိုင်ဖို့လိုတယ်"ဆိုတဲ့ ပြည်ပက ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်းလိုက်နာခဲ့လို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတာတွေ့ရမှာဖြစ်ပါတယ်။ အဲဒီတုန်းက အဲဒီအချိန်က ရဲဘော်ဌေးတို့ ဗကပ ကိုယ်စားလှယ်အုပ်စု ချောင်းကလေး တစ်ခုကိုဖြတ်ပြီး ပဲခူးရိုးမတောထဲကို ကျောခိုင်းထွက်ခွာသွားကြတဲ့ ဓာတ်ပုံကိုရှေ့သို့စာစောင်ရဲ့ မျက်နှာဖုံးမှာ သူတို့ပြန်သွားကြလေပြီဆိုတဲ့ ခေါင်းစည်းနဲ့ရေးပြီး ထုတ်ဝေခဲ့တာမြန်မာပြည် ငြိမ်းချမ်းရေး အတွက် တကယ်လိုလားတဲ့ ပြည်သူတွေအဖို့ ကြေကွဲစရာမြင်ကွင်းတစ်ခုပါပဲ။

အဲဒီလို အပြင်ဘက်က သွင်းကုန်အဖြစ်တင်သွင်းလာတဲ့ အတွေးအခေါ်တွေကို ပကတိအခြေအနေနဲ့ ကိုက်မကိုက် မသုံးသပ် မဆင်ခြင်ဘဲ ပုံတူကူးချခဲ့လို့ မဟာယဉ်ကျေးမှု တော်လှန်ရေး၊ အာဏာနီတည်ဆောက်ရေး၊ ဖြုတ်ထုတ်သတ်ဆိုတဲ့ လမ်းစဉ်အမှားတွေနဲ့ ဓာတ်တူသားစားပြီး သားကအဖေကိုသတ် စတဲ့ ခေတ်သစ် အဇာတသတ်ဇာတ်တွေခင်းခဲ့ကြလို့ ပဲခူးရိုးမ ဗကပတွေ နိဂုံးချုပ်သွားခဲ့ကြရတာလည်း သင်ခန်းစာယူစရာတွေ့မြင်ရမှာပါ။

၁၉၈၈ အရေးအခင်းနောက်ပိုင်းမှာလည်း တပ်မတော်အစိုးရ တော့ အကျပ်အတည်းဆိုက်နေပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ အပိုင်တွယ်ဖို့ ရှိစုမဲ့စုအင်အားနဲ့ မိုင်းယန်းဒေသကို ဝင်တိုက်ခဲ့ရာမှာ အရှုံးကြီးရှုံးခဲ့ပြီး အမြဲတမ်း အမှားကြီး မှားနေခဲ့တဲ့ ဗကပ ကေဒါဟောင်းကြီးတွေကို တိုင်းရင်းသားအဖွဲ့တွေက စွန့်ခွာမောင်းထုတ်ခဲ့လို့ ဗကပဆိုတာ သမိုင်းရဲ့ အမှိုက်ပုံထဲကို ရောက်သွားခဲ့ရတာလည်း အားလုံးအသိပါပဲ။

အခုလည်းပဲ အနောက်အုပ်စုရဲ့ အလိုကျ ဒီဆန္ဒခံယူပွဲကို ဖျက်ဖို့၊ မဖျက်နိုင်ရင် ကန့်ကွက်မဲပေးဖို့ ပြောနေပြန်ပါတယ်။ သူတို့ပြောသလိုသာ လိုက်လုပ်ကြရင် မြန်မာပြည်မှာ ဒီမိုကရေစီပေါ်လာဖို့အရေး ပိုဝေးသွားဖို့က လွဲလို့ တခြား ဘာမှအကျိုးဖြစ်မလာနိုင်တာ ရှင်းရှင်းကြီးပါ။ ဒီနေရာမှာ ရာနှုန်းပြည့်လစ်ဘရယ် ဒီမိုကရေစီမှဆိုပြီး ကြေးများနေတဲ့သူတွေကိုလည်း တစ်ခုတော့ ထောက်ပြချင်တယ်။ လက်ဆုပ်လက်ကိုင်မပြနိုင်တဲ့ ဒီမိုကရေစီဆိုတာမပြောနဲ့ မျက်မြင်ကိုယ်တွေ့ ကိုင်တွယ်သန့်စင်လို့ရတဲ့ ရွှေတောင်မှ ရာနှုန်းပြည့် သန့်စင်တဲ့ ရွှေဆိုတာရနိုင်ရဲ့လား။ အလွန်ဆုံး ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းပဲ အာမခံနိုင်တယ် မဟုတ်လား။ ဒီကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၁၉၀ ကျော်မှာ ရာနှုန်းပြည့် "မို" ပါတယ်ဆိုတဲ့ နိုင်ငံ ဘယ်နှစ်ခုများရှိလို့လဲ။

"ဘုရားသခင်က လူသားတိုင်းကို တန်းတူညီမျှဖန်ဆင်းထားပါတယ်"ဆိုပြီး နိဒါန်းချီထားတဲ့ အခြေခံဥပဒေကြီးနဲ့ ဒီမိုကရေစီထိပ်သီးအမည်ခံ အမေရိကန်နိုင်ငံမှာတောင်မှ ၁၇၇၆ခုနှစ်က လွတ်လပ်ရေးရခဲ့တာ ၁၉၆၀ပြည့်လွန်နှစ်တွေကျမှ လူမည်းတွေအားလုံး မဲပေးခွင့်ရခဲ့ကြတာမဟုတ်လား။ နိုင်ငံရေးရင့်ကျက်ပြည့်ဝမှုဆိုတာ ကော်ဖီမစ်တစ်ခွက်လို ရေနွေးဆူဆူထဲလောင်းထည့်လိုက်ရုံနဲ့ ချက်ချင်းသောက်ဖို့အသင့်ဖျော်ပြီးသား ဖြစ်သွားနိုင်တာမျိုးမဟုတ်ပါဘူး။ တဖြည်းဖြည်းချင်းတိုးတက်ဖြစ်ပေါ်လာရတာမျိုးပါ။

ဒါပေမယ့် **အရင်းရှင်မှန်သမျှ အရင်ရှင်းရမယ်ဆိုတဲ့ ကားလ်မတ်နဲ့ လီနင်ဝါဒကို ယုံကြည်ကိုးကွယ်ခဲ့ကြတဲ့ ဗကပတွေဟာ လက်တွေ့မှာတော့ အရင်းရှင်ပဂေးနိုင်ငံတွေရဲ့အောက်မှာ ခေါင်းလျှိုပြီး ခိုင်းသမျှလုပ်ခဲ့ကြလို့ ဒုတိယကမ္ဘာစစ်အပြီးမှာ ဗြိတိသျှအင်ပါယာရဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် (Order of British Empire-OBE) ဘွဲ့ကို မြန်မာပြည်မှာရခဲ့တာ ဗကပတွေပဲလေ။**

အနောက်အုပ်စုရဲ့ ပြောင်ပြောင်တင်းတင်း အားပေးထောက်ပံ့မှုနဲ့ တရုတ်ဖြူတွေ ကျူးကျော်လာခဲ့တုန်းကလည်း နယ်ချဲ့ဆန့်ကျင်ရေးဆိုပြီး ပါးစပ်က ကျယ်ကျယ်လောင်လောင် ကြွေးကြော်ခဲ့ပေမယ့် လက်တွေ့မှာတော့ တရုတ်ဖြူတွေကို သွားတိုက်ဖို့ ထွက်ခွာလာတဲ့ မြန်မာ့တပ်မတော်ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ပြီး နယ်ချဲ့အလိုကျ နောက်ကျောက ဓားနဲ့ထိုးခဲ့တဲ့ အမျိုးသားရေးသစ္စာဖောက်တွေပါ။

အခုတစ်ကြိမ်မှာလည်း ဗကပပြောရေးဆိုခွင့်ရှိသူဆိုပြီး ဝါရှင်တန်ကနေ အသံထွက်လာနေတာ ဘာသဘောလဲ၊ ဘာဖြစ်လို့လဲဆိုတာ နည်းနည်းကလေးလောက် စဉ်းစားတတ်ရင် သိနိုင်ပါတယ်။ သူ့ဘာသာ ဘယ်သူ့တပည့်ခံတာ၊ မခံတာ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမယ့် ပြည်ပကအမိန့်တွေ ညွှန်ကြားချက်တွေကိုပဲ တစ်လျှောက်လုံး အားကိုးနာခံလာခဲ့တဲ့ ဗကပဟာ အဲဒီညွှန်ကြားချက်တွေနောက် လိုက်လုပ်တိုင်း အပြောမှား၊ အလုပ်မှား၊ အကြိမ်ကြိမ်မှားခဲ့လို့ တိုင်းပြည်လည်းနစ်နာ၊ သူတို့အဖွဲ့အစည်းလည်း ပြုတ်ပြုတ်ပြုန်း သွားရတာကို မမှတ်သေးဘဲ အခုတစ်ခါ တိုင်းပြည်ကို ဖျက်ဖို့ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ပြောလာပြန်တာကိုတော့ အဟုတ်ကြီး မမှတ်ကြဖို့ ဓာတ်ကြောင်းလှန်ပြီး မောင်းသံနဲ့ သတိပေးလိုက် ပါရစေခင်ဗျား။ ။

ဗကပရဲ့ ပြောရေးဆိုခွင့်ရှိသူဆိုတဲ့ ပုဂ္ဂိုလ်ကျော်တစ်ယောက်က ပညာရှိကြီးစတိုင် လေသံဖမ်းပြီး အစိုးရရဲ့ ကြေညာချက် အမှတ် ၁/၂၀၀၈နဲ့ ၂/၂၀၀၈ တို့အပေါ်မှာ ပြည်သူလူထုကို ဘာလုပ်ကြ၊ ညာလုပ်ကြဆိုပြီး မဟုတ်က ဟုတ်က ဒုက္ခဖြစ်မယ့် အကြံတွေပေးနေတာ တစ်လောက ကြားလိုက်ရလို့ပါ။ ထူးဆန်းတာကတော့ ဗမာပြည် ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူဆိုတဲ့ သူ့ရဲ့အသံက ကွန်မြူနစ်တွေရဲ့ ကမ္ဘာရန်ဆိုတဲ့ မဟာအနောက်နိုင်ငံကြီးထဲကနေ ထွက်လာတာပါပဲ။



မဲဆွယ်စည်းရုံးနေသော ဟီလာရီကလင်တန်နှင့် ၎င်း၏ ပရိသတ်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုဘားမားသည် အမေရိကန်လုံခြုံရေးတွင် အတွေ့အကြုံမရှိ ကလင်တန်က မဲဆွယ်ရာ၌ ထည့်သွင်းပြောကြား

ပရိုဗီဒင့်စ်(ရိုဒီစ်အိုင်လင်) မတ် ၂

အမေရိကန်သမ္မတလောင်း အကြိုအခြေခံရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်သူ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီ ကလင်တန်သည် ရွေးချယ်ပွဲ မဲဆွယ်စာစောင် ထုတ်ဝေခဲ့သည်။ ထိုစာစောင်၌ အိုဘားမားသည် လုံခြုံရေးဆိုင်ရာ အပိုင်းတွင် အတွေ့အကြုံနည်းပါးသူဖြစ်၍ အမေရိကန်နိုင်ငံကို ဘေးအန္တရာယ်မှ ကင်းဝေးအောင် စီမံနိုင်ပါမည်လားဟူသော စာသားများ ထည့်သွင်း ဖော်ပြခဲ့သည်။

စွပ်စွဲ

ယင်းစာသားများသည် အမေရိကန်ပြည်သူများအား အကြောက်တရားဖြင့် လှန့်၍ မဲဆွယ်ရန် ကြိုးပမ်းခြင်းသာဖြစ်သည်ဟု ဆီနိတ်တာ ဘာရက် အိုဘားမားက ယှဉ်ပြိုင်ဘက် ကလင်တန်အပေါ် စွပ်စွဲလိုက်သည်။

မဲဆွယ်ကြရာတွင် အချို့သည် ပြည်သူများအကြား အကြောက်တရား၊ မကောင်းမြင်ဝါဒနှင့် သံသယများ ပွားများစေရန်သာ အစဉ်သဖြင့် လှုံ့ဆော်ဖန်တီးနေကြသည်ဟု အီလီနွိုက်ပြည်နယ် ဆီနိတ်တာ အိုဘားမားက ရိုဒီစ်အိုင်လင် ပရိုဗီဒင့်စ်တွင် ဟောပြောခဲ့သည်။

မဖြစ်မနေ

ကလင်တန်အနေဖြင့် မဲဆန္ဒခံယူရာ၌ အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ်များတွင် အနိုင်ရရှိရေးမှာ မဖြစ်မနေ ရယူရမည့် အခြေအနေဖြစ်လျက် ရှိသည်။ ယင်းသို့သော အနေအထား၌ ရှိနေစဉ် ကလင်တန်က အိုဘားမားသည် နိုင်ငံ့လုံခြုံရေးအတွက် အတွေ့အကြုံနည်းပါးသူဖြစ်ကြောင်း စတင်ဝေဖန်ပြောကြားလိုက် ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ယခုရွေးချယ်ပွဲ မဲဆွယ်ရာ၌ အစကတည်းက အပြောင်းအလဲတစ်ရပ် လိုအပ်ကြောင်း ဟောပြောလာခဲ့ကြသည်။ ထိုအပြောင်းအလဲဆိုသည်မှာ သမ္မတ ဘုရှ်၏ အီရတ်စစ်ပွဲအပေါ် ထောက်ခံရေး မထောက်ခံရေးကိုသာ ဆိုလိုသည် မဟုတ်ပေ။ အမေရိကန်များအနေဖြင့် ကမ္ဘာ့နိုင်ငံရေး နယ်ပယ်တွင် သံတမန်ရေးအရ ပိုမိုလှုပ်ရှား လုပ်ဆောင်နိုင်ရေးဆိုသည်ကို သိထားသင့်ကြသည်ဟု အိုဘားမားက ပြောကြားသည်။

ကလင်တန်ကမူ ရီပတ်ဘလီကန်ပါတီ၏ ရှေ့တန်းမှ ပြေးနေသူ ဂျွန်မက်ကိန်းကို သမ္မတရွေးပွဲ၌ အပြိုင်အဆိုင် အနိုင်ကြဲနိုင်မည့် သူမှာ မိမိသာ ဖြစ်သည်ဟု ဟောပြောကာ စည်းရုံးလျက်ရှိသည်။

စစ်ပြန်

ဆီနိတ်တာ ဂျွန်မက်ကိန်းသည် ဗီယက်နမ်စစ်ပွဲအတွင်းက အကျဉ်းသားအဖြစ် အဖမ်းခံခဲ့ရသူ လေယာဉ်မှူးဟောင်း တစ်ဦးဖြစ်သည်။ ၎င်းသည် အီရတ်၌ အမေရိကန် တပ်ဖွဲ့များ တိုးမြှင့်ချထားရေးကို လိုလားထောက်ခံသူတစ်ဦးလည်း ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံအတွင်း ဝင်ရောက်၍ ပီကေကေ ကာဒ်သူပုန်များအား ထိုးစစ်ဆင်ပြီးနောက် ပြန်လည်ဆုတ်ခွာလာကြသော တူရကီတပ်ဖွဲ့များအား မတ် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားမိသားစု ပညာရေးစရိတ်ပိုသုံး

ဆိုးလ် မတ် ၂

တောင်ကိုရီးယား မိသားစုများသည် ၂၀၀၇ ခုနှစ်တွင် ၎င်းတို့၏ အသုံးစရိတ် စုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းကို ပညာရေးကဏ္ဍ၌ တိုးမြှင့် သုံးစွဲခဲ့ကြကြောင်း အမျိုးသားစာရင်းအင်းရုံးက ကြာသပတေးနေ့က ထုတ်ပြန်လိုက်သည်။ ထိုကဲ့သို့ တောင်ကိုရီးယား မိသားစုများ၏ အိမ်အသုံးစရိတ်တွင် ပညာရေး အသုံးစရိတ် မြင့်တက်လာရခြင်းသည် ကျောင်းကျူရှင်ကြေးနှင့် အိမ်ခေါ်သင်သော ဆရာများ၏ စရိတ်များ မြင့်တက်လာခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

အမျိုးသားစာရင်းအင်းရုံးမှ စာရင်းများအရ ၂၀၀၆ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၇ ခုနှစ်၌ တောင်ကိုရီးယား မိသားစုများ၏ ပညာရေးအသုံးစရိတ်သည် ပျမ်းမျှအားဖြင့် ၁၁ ဒသမ ၈ ရာခိုင်နှုန်း တိုးလာသည်။

မြို့ပြနေ လခစားအလုပ်သမား မိသားစုတစ်စု၏ တစ်လဝင်ငွေမှာ ၂၀၀၆ ခုနှစ်တွင် ပျမ်းမျှအားဖြင့် ဝမ် ၃ ဒသမ ၄၄ သန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် လစာ ၃ ဒသမ ၆၇ သန်းသို့ တိုးမြှင့်ရရှိသည်။ ၎င်းမိသားစုတစ်စု၏ သုံးစွဲငွေမှာ ပျမ်းမျှအားဖြင့် တစ်လလျှင် ၂ ဒသမ ၈၄ သန်းဝမ်ဖြစ်ကြောင်း အမျိုးသားစာရင်းအင်းရုံးက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်က ဒေါ်လာသန်းတစ်ထောင် အီရတ်သို့ ချေးမည်

တီဟီရန် မတ် ၂

အီရန်သမ္မတသည် အီရတ်နိုင်ငံသို့ မသွားမီ နှစ်ရက်အလိုတွင် အီရန်ကုမ္ပဏီများ ကွပ်ကဲမည့် အီရတ်နိုင်ငံ စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ချေးရန် ကမ်းလှမ်းလိုက်ကြောင်း အီရန်တာဝန်ရှိသူ တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

မာမွတ်အာမက် ဒီနီဂျက်သည် ၁၉၇၉ ခုနှစ် အစ္စလာမ့်စ် တော်လှန်ရေးပြီးကတည်းက အီရန်သမ္မတတစ်ဦးအနေဖြင့် အီရတ်နိုင်ငံသို့ ပထမဆုံးခရီးအဖြစ် သွားရောက်မည်ဖြစ်သည်။ လေ့လာဆန်းစစ်သူများက အီရန်နိုင်ငံသည် ယင်း၏ အိမ်နီးချင်းနိုင်ငံအပေါ် အရှိန်အဝါသြဇာ ရှိကြောင်း အမေရိကန်နိုင်ငံ သိစေလိုသည့်အတွက် ယခုကဲ့သို့ သွားရောက်ခြင်းဖြစ်ကြောင်း သုံးသပ်သည်။ အီရတ်နိုင်ငံနှင့် ဆွေးနွေးသည့်အခါ အမေရိကန်ဒေါ်လာ သန်းတစ်ထောင် ချေးငှားရေးကိစ္စသည် အဓိက ဖြစ်လိမ့်မည်ဟု အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

အီရန်ကန်ထရိုက်တာများက အီရန်ပစ္စည်းများနှင့် ကိရိယာများ အသုံးပြုပြီး ဆောင်ရွက်မည့် အခြေခံ စီမံကိန်းများ၌ ထိုချေးငွေကို အသုံးပြုသွားမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မာဒါဂါစကာတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ် ၈၃ ဦးသေဆုံး၊ နှစ်သိန်းကျော် အိုးအိမ်မဲ့ဖြစ်

အင်တာနာနာရီဗို မတ် ၂

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းနိုင်ငံကို ဖြတ်၍ တိုက်ခတ်သွားသော အိုင်ဗင်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ၈၃ ဦး သေဆုံးပြီး ၂၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ အတိဒုက္ခ ရောက်ကြရသည်ဟု အာဏာပိုင်များက ဖေဖော်ဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

အိုင်ဗင်မုန်တိုင်းသည် တစ်နာရီလျှင် ၁၂၅ မိုင်နှုန်းအထိ ပြင်းထန်သော အရှိန်ဖြင့် ကျွန်း၏အရှေ့ဘက်မှ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါ ကျွန်းသို့ ပြီးခဲ့သော သီတင်းပတ်က တိုက်ခတ်ခဲ့သော အိုင်ဗင်မုန်တိုင်းသည် ကျွန်းပေါ်မှ ဖြတ်သွားသောမုန်တိုင်းများအနက် အပြင်းထန်ဆုံး ဖြစ်သည်ဟုဆိုသည်။

<u>အဆိုးရွားဆုံး</u>

ကမ္ဘာပေါ်၌ စတုတ္ထအကြီးဆုံးကျွန်းဖြစ်သည့် မာဒါဂါစကာကျွန်းဒေသတွင် ၂၀၀၇ ခုနှစ်က ဆိုင်ကလုန်း မုန်တိုင်းပေါင်း ခြောက်ခု ဝင်ရောက်ခဲ့ရာ အနည်းဆုံး ၁၅၀ သေဆုံးခဲ့ပြီး အိမ်ခြေနှင့် သီးနှံ အများအပြားလည်း ပျက်စီးခဲ့ရသည်။ ကျွန်းနှင့်သက်ဆိုင်သော မုန်တိုင်းမှတ်တမ်းများအရ ထိုနှစ်သည် အဆိုးရွားဆုံးနှစ်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အင်ဒိုနီးရှားတွင် ကြက်ကောင်ရေ ရာပေါင်းများစွာ သုတ်သင်

ဂျကာတာ မတ် ၂

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ပျံ့နှံ့လာခြင်းကြောင့် ကြက်ကောင်ရေ ရာပေါင်းများစွာကို သုတ်သင်လိုက်ရသည်။ ကြက်ငှက်တုပ်ကွေးပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် ကြက်ကောင်ရေ ၄၀၀ ခန့်ကို မီးရှို့ကာ မြေမြှုပ်ပစ်ကြောင်း အန်တာရာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ထိုမတိုင်မီ အစောပိုင်းက ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကြောင့် ကြက်အချို့ သေဆုံးကြောင်း တွေ့ရှိပြီး ယင်းကဲ့သို့ ဆောင်ရွက် ခြင်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ရှိ မီးရထားလုပ်ငန်းပြတိုက်တစ်နေရာကို မတ် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ရုရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အာဏာရပါတီမှ ပထမ ဒုတိယဝန်ကြီးချုပ် မက်ဗီဒက်ဗ်အနိုင်ရ

မော်စကို မတ် ၃

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်၏အစိုးရအဖွဲ့မှ ပထမ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ဒီမီထရီမက်ဗီဒက်ဗ်သည် ရုရှားနိုင်ငံ၏သမ္မတရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသွားပြီဖြစ်ကြောင်း မော်စကိုမှ မတ် ၃ရက်တွင် ထုတ်ပြန်သောစာရင်းများအရ သိရသည်။

ဗဟိုရွေးချယ်တင်မြှောက်ပွဲကော်မရှင်(စီအီးစီ)က မဲအားလုံး၏ ၉၀ရာခိုင်နှုန်းကိုရေတွက်ပြီးချိန်တွင် မက်ဗီဒက်ဗ်က စုစုပေါင်းမဲအရေအတွက်၏ ၇၀ဒသမ ၀၃ရာခိုင်နှုန်းရရှိခြင်းဖြင့် အနိုင်ရရှိနေကြောင်း စာရင်းဇယားများကဖော်ပြသည်။

ရွေးကောက်ပွဲတွင် ယတိပြတ်အနိုင်ရရှိရန်အတွက် ယှဉ်ပြိုင်အရွေးခံသူတစ်ဦးသည် စုစုပေါင်းမဲ၏ ၅၀ရာခိုင်နှုန်းကျော်ကို ရရှိရန်လိုအပ်သည်။

သမ္မတရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီမှ ဂျန်နဒီဇယူရန်နော့ဗ်က ဝင်ရောက်ယှဉ်ပြိုင်ရာ ၁၇ဒသမ၉၁ရာခိုင်နှုန်း မဲရရှိပြီး လစ်ဘရယ်ဒီမိုကရက်ပါတီမှ ဗလာဒီမီရာဇီရင်နော့ဗ်စကီးက စုစုပေါင်းမဲ၏၉ဒသမ၄၉ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီမှ အင်ဒရေဂေါဒါနော့ဗ် လည်းယှဉ်ပြိုင်ရာ ၎င်းသည် မဲစုစုပေါင်း၏ ၁ဒသမ၂၇ရာခိုင်နှုန်းကိုသာ ရရှိကြောင်း ဗဟိုရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ကြေညာသည်။

မက်ဗီဒက်ဗ်အနေဖြင့် သမ္မတပူတင်၏လက်ရှိ မူဝါဒများကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာရေးရာ သတင်းများ

ရုရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက် ခံရသူ ဒီမီထရီ မက်ဗီဒက်ဗ်အား တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဆိုမာလီအား အမေရိကန်လေကြောင်းမှ တိုက်ခိုက်

မိုဂါဒစ်ရှူး(ဆိုမာလီ) မတ် ၃

ဆိုမာလီနိုင်ငံ တောင်ပိုင်း စစ်သွေးကြွများကြီးစိုးရာဒေသကို အမေရိကန်စစ်လေယာဉ်များက မတ် ၃ရက်တွင် သွားရောက်ဗုံးကြဲတိုက်ခိုက်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

လေယာဉ်များသည် ပဲ့ထိန်းဒုံးဖြင့်ကင်ညာနိုင်ငံနယ်စပ်အနီးရှိ ဒိုဘလီမြို့မှ အဆောက်အအုံတစ်ခုကို ပစ်ခတ်ခဲ့သည့်အတွက် ပေါက်ကွဲမှုဖြစ်ပွားပြီး ရှစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ပြောကြားသည်။ ဆိုမာလီတောင်ပိုင်းကို တစ်ချိန်ကကြီးစိုးထားသော စစ်သွေးကြွအကြွင်းအကျန်များသည် ပြီးခဲ့သောသီတင်းပတ်က ဒိုဘလီမြို့ကို သိမ်းပိုက်ခဲ့သည်။

အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ အခြေစိုက်စခန်းကိုရည်ရွယ်၍ တိကျစွာ ထိုးနှက်လိုက်သည့် တိုက်ခိုက်မှုပင်ဖြစ်သည်ဟု အမည်မဖော်လိုသူဝါရှင်တန်မှ စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။ ဒုံးကျည်ဖြင့်ပစ်ခတ်ခံခဲ့ရသော အဆောက်အအုံမှာ အကြမ်းဖက်သမားများ မကြာခဏအသုံးပြုသည့် အဆောက်အအုံဖြစ်သည်ဟု ဆိုသည်။

ယခင်နှစ်ကလည်း အမေရိကန်ရေတပ်သည် ဆိုမာလီကမ်းလွန်ပင်လယ်ပြင်ရှိ သင်္ဘောပေါ်မှ အမြောက်များဖြင့် အယ်လ်ခိုင်ဒါစခန်းများကို ပစ်ခတ်ခဲ့ဖူးသည်။

ပေါက်ကွဲသံကြီး ပေါ်ထွက်လာပြီးနောက် မိမိတို့ အိပ်နေရာမှ နိုးလာကြောင်း။ အပြင်ထွက်၍ ကြည့်လိုက်သောအခါ အိမ်အနီးရှိ အဆောက်အအုံမှာ လုံးဝပြိုကျသွားသည်ကိုမြင်လိုက်ရပြီး လေယာဉ်သံုးစင်းပျံသွားသည် ကိုလည်း တွေ့လိုက်ရကြောင်း ဒေသခံ ပြည်သူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

အာမေနီးယားနိုင်ငံ မြို့တော်တွင် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်

မော်စကို မတ် ၃

အာမေနီးယားသမ္မတ ရောဘတ်ကိုချာရီယန်က အာမေနီးယားနိုင်ငံ၏ မြို့တော်ယီရီဘန်တွင် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ထားကြောင်း ရုရှားသတင်းဌာနက ဖော်ပြသည်။

အာဏာသက်ရောက်

အာမေနီးယားရဲတပ်ဖွဲ့က လမ်းပေါ်ထွက်ဆန္ဒပြမှုများကို စတင်နှိမ်နင်းနေသည့် ရက်ပေါင်း ၂၀ အတွင်း ယင်းအရေးပေါ်အခြေအနေတစ်ရပ် အကျုံးဝင် အာဏာသက်ရောက်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၉ ရက်ကကျင်းပသည့် သမ္မတရွေးကောက်ပွဲကို မကျေနပ်သဖြင့် အတိုက်အခံပါတီထောက်ခံသူများက ယီရီဘန်မြို့တွင် စုရုံးကာဆန္ဒပြနေကြသည်။ ရွေးကောက်ပွဲတွင် အာမေနီးယားဝန်ကြီးချုပ် ဆာရက်ဆာအက်ယန်က မဲ၅၂ဒသမ ၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ တာပီထရော့ယန် ဦးဆောင်သည့် အတိုက်အခံပါတီက မဲ ၂၁ ဒသမ ၅ ရာခိုင်နှုန်းသာရရှိခဲ့၍ ရွေးကောက်ပွဲတွင် မဲညစ်ခံရသဖြင့် ရွေးကောက်ပွဲ ပြန်လုပ်ရန် တောင်းဆိုထားသည်။

မှန်များရိုက်ခွဲ

ဆန္ဒပြပွဲတွင် ဆန္ဒပြသူများက မြို့တော်ဝန်၏ ရုံးခန်းမှ တံခါးများရှိ မှန်များကိုရိုက်ခွဲပစ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ခဲ့ကြသည်ဟု အီတာတပ်စ်သတင်းဌာနက ဖော်ပြသည်။

အရေးပေါ်အခြေအနေတွင် လူစုရုံးမှုနှင့် ဆန္ဒပြမှုများပိတ်ပင်ထားသည်။ လက်ရှိအခြေအနေအတွင်း တရားဝင်မီဒီယာ သတင်းဖြန့်ချိမှုသာ ခွင့်ပြုထားပြီး လက်ကမ်းစာစောင်များနှင့် နိုင်ငံရေးဝါဒဖြန့်ကြော်ငြာများ ပိတ်ပင်ထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အာမေနီးယားနိုင်ငံတွင် ရွေးကောက်ပွဲကို မကျေနပ်၍ ဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များကို မတ် ၁ ရက်က တွေ့ရစဉ်။

ဥရောပအလယ်ပိုင်း၌ မုန်တိုင်းတိုက်၊ ရှစ်ဦးသေ

ဗီယင်နာ မတ် ၃

ဥရောပအလယ်ပိုင်းနိုင်ငံများဖြစ်သော ဩစတြီးယား၊ ဂျာမနီနှင့် ချက်ရီပတ်ဘလစ်တို့တွင် စနေနေ့က လေပြင်းမုန်တိုင်းကျရောက်သဖြင့် လူရှစ်ဦးသေဆုံးပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများရပ်တန့်ကာ လျှပ်စစ်ဓာတ်အားလိုင်းများလည်းပြတ်တောက်ကုန်သည်။

ဂျာမနီနိုင်ငံတွင် သစ်ပင်များ အမြစ်မှကျွတ်ပြီး ရထားလမ်းပေါ်လဲကျသဖြင့် ရထားခရီးစဉ်များ နှောင့်နှေးကုန်သည်။ ကိုလုံးမြို့နှင့် ကိုဘလင်မြို့သို့သွားသော အမြန်ယာဉ်တစ်စီးသည် လဲကျနေသော သစ်ပင်ကိုတိုက်မိ၍ ယာဉ်မောင်း ဒဏ်ရာရသွားသည်။

ဖရန့်ဖွတ်လေဆိပ်၏အဝင်အထွက် လေယာဉ်ခရီးစဉ်ပေါင်း ၁၃၀နီးပါးအနက် အချို့ကိုဖျက်သိမ်း၍ အချို့ကို အချိန်ပြောင်းပေးရကြောင်း လေဆိပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဩစတြီးယားနိုင်ငံ၌ တစ်နာရီလျှင် ၁၅၅ကီလိုမီတာ(တစ်နာရီလျှင် ၉၆မိုင်) နှုန်းဖြင့်လည်းကောင်း၊ ချက်ရီပတ်ဘလစ်နိုင်ငံတွင် ၁၈၀ ကီလိုမီတာ (မိုင် ၁၁၀) နှုန်းဖြင့်လည်းကောင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ လေယာဉ်ခရီးစဉ်များ အချိန်မှန်ပျံသန်းနိုင်ခြင်းမရှိဘဲ ဖြစ်ခဲ့ရသည်။

ဩစတြီးယန်း သတင်းဌာနများက မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ လေးဦးရှိကြောင်း၊ သုံးဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ဖော်ပြသည်။

ဩစတြီးယားနိုင်ငံ အနောက်မြောက်ပိုင်း တိုင်ရိုပြည်နယ်နှင့် ဩစတြီးယားပြည်နယ် အောက်ပိုင်းတွင် သစ်ပင်များသည် အမြစ်မှကျွတ်ပြီး ကားများပေါ်သို့ လဲကျသဖြင့် လူနှစ်ဦးသေဆုံးသွားကြောင်း၊ တစ်ဦးမှာ အသက် ၇၇နှစ်ရှိ ဂျာမန်ခရီးသည်တစ်ဦးဖြစ်ကြောင်း ကယ်ဆယ်ရေးလုပ်သားများ၏ပြောကြားချက်ကို ကိုးကား၍ အေပီအေသတင်းဌာနကဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနှင့်ပါလက်စတိုင်းတို့ တိုက်ခိုက်မှုရပ်ဆိုင်းရန် ရုရှားကတိုက်တွန်း

မော်စကို မတ် ၃

အစ္စရေးနှင့် ပါလက်စတိုင်းတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်မည့် အခွင့်အရေးကိုလက်ခံရန်၊ အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်ကြရန် ရုရှားက တိုက်တွန်းနိုးဆော်လိုက်သည်။

အစ္စရေးတပ်ဖွဲ့က ဟားမတ်စ်တို့ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်သို့ လေကြောင်းမှတိုက်ခိုက်ပြီး စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့သည့် လေးရက်တာကာလအတွင်း ပါလက်စတိုင်း ၆၈ဦးထက်မနည်းသေဆုံးခဲ့သည်။ ယင်းဒေသတစ်ဝိုက်တွင် လူ ၁ဒသမ၅ သန်းနေထိုင်ကြသည်။

ပါလက်စတိုင်းစစ်သွေးကြွများက နယ်စပ်ဖြတ်ကျော်၍ ရော့ကတ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ အက်စ်ဒါရော့မြို့မှ အစ္စရေးတစ်ဦးသေဆုံးပြီး လူသုံးဦး ဒဏ်ရာရရှိခဲ့မှုကို တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးက ပြောကြားသည်။

ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးနယ်မြေပိုင်နက်အတွင်း ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရှုတ်ချပြောကြားပြီး ယင်းလုပ်ရပ်ကို အမြန်ဆုံးရပ်ဆိုင်းရမည်ဟု ရုရှားနိုင်ငံခြားရေးရုံးကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အကြမ်းဖက်တိုက်ခိုက်နေမှုကြောင့် ငြိမ်းချမ်းစွာနေထိုင်သူ ပါလက်စတိုင်းအမျိုးသမီးများနှင့် ကလေးငယ်တို့ ဗုံးမှန်၊ အမြောက်ဆန်မှန် သေဆုံးမှုသည် လက်ခံနိုင်စရာမရှိဟု ကြေညာချက်အရသိရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ထိုင်းနိုင်ငံတွင် အထက်လွှတ်တော်အမတ်ရွေးကောက်ပွဲ ကျင်းပပြီးစီး

ဗန်ကောက် မတ် ၃

ထိုင်းနိုင်ငံတွင်ကျင်းပလျက်ရှိသော ဆီးနိတ်ကိုယ်စားလှယ်အမတ်ရွေးကောက်ပွဲသည် မတ် ၂ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။ ထိုဆီးနိတ်ရွေးကောက်ပွဲသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်ကျင်းပသည့် ဆီးနိတ်အမတ်ရွေးပွဲပင်ဖြစ်သည်။ ယင်းရွေးကောက်ပွဲသို့ မဲပေးခွင့်ရှိသူစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းနီးပါးမျှ တက်ရောက်မဲပေးခဲ့ကြသည်။

ဆီးနိတ်အမတ် ရွေးကောက်ပွဲကို ထိုင်းတစ်နိုင်ငံလုံးရှိ ပြည်နယ်၇၆ ပြည်နယ်စလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပရာ ဆူပူမှုတစ်စုံတစ်ရာမဖြစ်ဘဲ ချောမောစွာပြီးစီးခဲ့သဖြင့် ရွေးကောက်ပွဲကော်မရှင် (အီးစီ)က ကျေနပ်မှုရှိကြောင်း ကော်မရှင်အဖွဲ့ဝင် ပရာပန်နိုင်ယကိုဗစ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲအေဂျင်စီများ၏ ထုတ်ပြန်ချက်များအရ ဒေသအသီးသီးမှ လာရောက်မဲပေးသူဦးရေသည် မဲပေးခွင့်ရှိသူဦးရေ၏ ၅၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ထိုအတိုင်းအတာသည် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲအခြေအနေနှင့် တန်းတူနီးပါးရှိသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ၏ ၂၀၀၇ ခုနှစ် အခြေခံဥပဒေအရဆိုပါက ရွေးကောက်ပွဲကော်မရှင်က ရွေးချယ်ခန့်အပ်သူ ၇၄ ဦးနှင့် ယခုကျင်းပသည့် ဆီးနိတ်အမတ်ရွေးပွဲမှ အရွေးခံရသူ ၇၆ ဦးတို့ ပူးပေါင်း၍ ဆီးနိတ်အထက်လွှတ်တော်ကို ဖွဲ့စည်းရမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်ထားရှိသွားမည်ဖြစ်သည်။ ဥပဒေကြမ်းများကို တင်သွင်းရာ၌ အထက်လွှတ်တော်က တင်သွင်းနိုင်ခွင့်မရှိပေ။ ဥပဒေကြမ်းများကို အောက်လွှတ်တော်ကသာ ဦးစွာပြုစုပြီး စိစစ်ရန်အထက်လွှတ်တော်သို့ တင်ပြရမည်ဖြစ်သည်။ သို့သော် အထက်လွှတ်တော်အနေဖြင့် ဥပဒေကြမ်းပြင်ဆင်ခွင့်ကိုမူ အဆိုပြုတင်ပြနိုင်ခွင့်ရှိသည်။

ထို့အပြင် အထက်လွှတ်တော်သည် အစိုးရ၏ လုပ်ဆောင်မှုများကို ကြီးကြပ်ရန် သီးခြားလွတ်လပ်သော အဖွဲ့ဖွဲ့၍ ထိန်းချုပ် လုပ်ကိုင်နိုင်ခွင့်ရှိသည်။ ဥပမာဆိုပါက ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းလုပ်ကိုင်ခြင်း၊ လာဘ်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခြေခံဥပဒေဆိုင်ရာများကို အဆုံးအဖြတ်ပေးရန် တရားရေးအဖွဲ့ခန့်ထားခြင်း စသည်များကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာဒေသသို့ ဝင်ရောက်ကာ စစ်ဆင်ရေးပြုလုပ်နေသော အစ္စရေး စစ်တပ်မှ ယန္တရားတပ်ဖွဲ့အချို့ကို မတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

➪ ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ်၏ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ဒေသဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတာဝန်ယူရသည့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးနှင့် ဒေသခံပြည်သူများကပါ မိမိဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်နှင့် ခေတ္တမြို့နယ် ဆရာဝန် ဒေါက်တာ ဒေါ်ကြူကြူတို့က လိုက်လံရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ဆေးရုံအတွက် ဓာတ်မှန်ရိုက်စက် ဝယ်ယူရန် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် မောင်းကုန်းရွာ ဆိပ်ကမ်းမှတစ်ဆင့် ဂရိတ်ဝေါလ်စားသောက်ကုန် လုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် ဒေသခံတောင်သူများ အကျိုးတူစိုက်ပျိုးသည့် ဧက ၂၆၀ ကြံစိုက်ခင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ယန္တရားများဖြင့် မြေပြုပြင်နေမှု၊ ကြံစိုက်ပျိုးနေမှုနှင့် ကြံခုတ်သိမ်းနေမှုများကိုလည်းကောင်း၊ ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက် အီသနောထုတ်လုပ်ရေးစက်ရုံနှင့် အမှတ်(၂) ဂရိတ်ဝေါလ် သကြားစက်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား မန်နေဂျင်း ဒါရိုက်တာ ဦးတင်မောင်က ဂက်ဆိုဟော စက်ရုံတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါစက်ရုံမှ တစ်ရက်လျှင် ကြံတန် ၁၂၀ ကြိတ်ဝါးနိုင်ပြီး ကြံတန်ချိန် တစ်သိန်းမှ သကြားတန် ၁၁၀၀၀ နှင့် ကြံတန်ချိန်လေးသိန်းမှ အီသနောတန် ၂၆၀၀၀၊ ပွက်သားတင်လဲရည်နှင့် ပီလောပီနံမှ အီသနော တန် ၁၀၀၀၀ စုစုပေါင်း အီသနော တန် ၃၆၀၀၀၊ ဂါလန် ၁၁၂၅၀၀၀၀ ထုတ်လုပ်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်၊ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဓမ္မင်းကျွန်း ရေလယ်ကျွန်းကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲတွင် အမှာစကားပြောကြား စဉ်။ (သစ်တောရေးရာ)

နေပြည်တော် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော် ပျဉ်းမနားမြို့နယ် မိုးစွေကျေးရွာအနီး ငလိုက်ကြိုးဝိုင်း အကွက် (၁၈)၌ တည်ထောင်ထားသော ၂၀၀၇-၂၀၀၈ ခုနှစ် ကျွန်းစိုက်ခင်းဧက ၉၅၀ သို့လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ် လဲဝင်းကျေးရွာအနီး ငလိုက်ကြိုးဝိုင်း အကွက် (၉/၂၅)အတွင်း တည်ထောင်ထားသော ၂၀၀၇-၂၀၀၈ခုနှစ် ကျွန်းစိုက်ခင်း ဧက ၁၀၀၀ သို့လည်းကောင်း ရောက်ရှိကြည့်ရှုစစ်ဆေးပြီး အပင်များ ရှင်သန်မှုကောင်းမွန်စေရန် စိုက်ခင်းများထိန်းသိမ်းခြင်းနှင့်အတူ တရားမဝင်သစ် ဖမ်းဆီးရေးကိုပါ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ဝံအော်ကြီး စိုက်ပျိုးရေးစခန်းရှိ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ အင်္ဂပူမြို့နယ် ဘုရားငုတ်တိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် တောင်ပေါ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ညောင်ပင်ကြီးကွင်း အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ပညာရေး ပဒေသာပင်အတွက် အလှူငွေ အသီးသီး ပေးအပ်ကြသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ထူးကြီးမြို့ မဟာသိဝစေတီတော်သို့ ရောက်ရှိပြီး ထီးတော်များ ပြန်လည်မွမ်းမံပြင်ဆင်ခြင်းနှင့် ထီးတော်တင်လှူရန်အတွက် မြို့မိမြို့ဖများ၊ ဂေါပက အဖွဲ့ဝင် လူကြီးများအား တွေ့ဆုံဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် ကြပ်ခေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်နေမှုနှင့် လေကြီးအိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဇေယျာသုခကျောင်းတိုက် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရေဝတမ္မအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ပျိုးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မင်းကျွန်းရေလယ်ကျွန်း ကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်ကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် ပုံမှန်သင်တန်းများကို မတ် ၈ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ အဘိဓမ္မာသင်တန်းကို ဧပြီ ၁၉ရက် မွန်းလွဲ ၁၂နာရီခွဲတွင်လည်းကောင်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

ပန်းဘဲတန်း စာပေစာနယ်ဇင်း မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် မတ် ၃

ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆-၂၀၀၇ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၁ ရက် နံနက်ပိုင်းက အဖွဲ့တည်ရာ (၂၈) လမ်း အမှတ်(၁၅၇) ဒုတိယထပ်၌ ကျင်းပသည်။

နှစ်ပတ်လည် အစည်းအဝေးသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးသန်းဆွေ (သတင်းထောက် သန်းဆွေ-ပန်းဘဲတန်း)၊ စာပေနှင့် စာနယ်ဇင်း(ဗဟို) အလုပ်အမှုဆောင် ဦးလှထွန်း(တွံတေး)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဝါးခယ်မစိုးမြင့်အောင်၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး စိန်ဂျွန်းစံမောင်တို့က ဆောင်ရွက်ကြသည်။ နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိ မြို့နယ်ဥက္ကဋ္ဌနှင့် စာပေနှင့်စာနယ်ဇင်း (ဗဟို) အလုပ်အမှုဆောင်တို့က အမှာစကား အသီးသီး ပြောကြားပြီး လုပ်ငန်းဆောင်ရွက်ချက်၊ ရှေ့လုပ်ငန်းစဉ်များနှင့် မြို့နယ်မဂ္ဂဇင်း ထုတ်ဝေရေး ဆွေးနွေးပြောကြားကြသည်။ (၁၉)

ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ (သတင်းထောက် သန်းဆွေ-ပန်းဘဲတန်း) မဂ္ဂဇင်းထုတ်ဝေရေး ဆွေးနွေးစဉ်။ (၁၉)

❐ ကျောဖုံးမှ

"ကျွန်တော်တို့ရဲ့ တွေ့ရှိချက်ကတော့ လက်ဖက်ရည်ကြမ်းမှာ ပါနေတဲ့ ဓာတ်တွေက Foxos လို့ သိထားကြတဲ့ ပရိုတိန်းတွေအပေါ် အင်ဆူလင်ရဲ့ သက်ရောက်မှု ပုံစံမျိုး သဏ္ဌာန်တူအောင် လုပ်ဆောင်နိုင်တဲ့ အချက်ပါပဲ" ဟု ဒန်းဒီး သုတေသန အဖွဲ့၏ ခေါင်းဆောင် ဒေါက်တာ ဂရေဟမ်ရေနာက ပြောကြားသည်။

"လက်ဖက်ရေကြမ်းမှာပါတဲ့ ဒြပ်ပေါင်းတွေနဲ့ပတ်သက်ပြီး သုတေသန ပြုတွေ့ရှိချက်များမှာ စမ်းသပ်လေ့လာဆဲအဆင့်တွင်သာ ရှိသေးကြောင်း၊ ပြည်သူများအနေဖြင့် လက်ဖက်ရည်ကို ဆီးချိုအတွက် ကုထုံးတစ်ရပ်အဖြစ် ထင်မြင်ပြီး အပြေးအလွှားဝယ်ယူပြီး များများစားစား သောက်သုံးကြခြင်းမျိုး မပြုလုပ်သင့်ကြောင်း၊ မိမိတို့၏ ဆရာဝန်များ ညွှန်ကြားထားသည့် ဆေးဝါးများကိုသာ ဆက်လက်သောက်သုံးသင့်ကြောင်း" ၎င်းက ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"ဗာလနက္ခတ္တဝတ္ထု"တရားတော် [အရှင်ဥတ္တရ(ကျိုက်ဒေးရုံဆရာတော်)]
၇:၅၀-၁:၅၀	ရေပျော်ငှက်၏တောင်ပံခတ်သံ
၈:၁၀-၂:၁၀	တေးဂီတအစီအစဉ်
၈:၁၅-၂:၁၅	Sunday Talk
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	ကြည်နူးချမ်းမြေ့တရားအရိပ်(၁၀၈)တောင်ဓမ္မဒူတတရားစခန်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	ဝိပရိဏာမဒုက္ခ(အပိုင်း-၂)(ဆရာကြီးဦးဋ္ဌေးအောင်)
၁၀:၀၅-၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အမည်မဖော်လိုသူအချစ်)
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	ထန်းပင်မှဖြစ်သည့် အနုပညာ(ထန်းပန်းချီ)
၁၁:၃၅-၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀-၅:၄၀	Biz Net
၁၁:၅၅-၅:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	ပါဝင်ဆင်နွှဲပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
၁၂:၂၅-၆:၂၅	Music Gallery (ရင်ခုန်နှုန်း ၁၄)
၁၂:၄၅-၆:၄၅	အနာဂတ်ရဲ့အိုအေစစ်များ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၃၀	Man Utd-Lyonnais	Star Sports(Live)
၂:၀၀	AC Milan-Arsenal	ESPN(Live)
၄:၃၀	Sevilla-Fenerbahce	ESPN(SDD)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပ

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံကို မတ် ၁ရက် နံနက် ၉နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ အသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေနှင့် အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးများနှင့် ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာ ကျော်မြင့်က အမှာစကားပြောကြားရာ၌ ယနေ့ကြက်ခြေနီလုပ်ငန်းများသည် ယခင်ကထက် ပိုမိုတိုးတက်ကျယ်ပြန့်လာသည့်အပြင် အနာဂတ်တွင်လည်း ယခုထက်ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ဤသို့ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် ကျွမ်းကျင်ပညာရှင်များသာမက အသိပညာရှင် အတတ်ပညာရှင်များ၏ ပံ့ပိုးကူညီမှုသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ ထို့ကြောင့် လက်ရှိ ဗဟိုကောင်စီဝင်ဦးရေကို ၁၉၇၁ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအပိုဒ်(၆)အရ ၄၅ ဦးအထိ တိုးချဲ့ခန့်ထားရန် စီစဉ်ဆောင်ရွက်ခြင်းသည် အလွန်လျော်ကန်သင့်မြတ်ကြောင်း။

ယနေ့ ညီလာခံတွင် ရွေးချယ်တင်မြှောက်သည့် ဗဟိုကောင်စီဝင်များ အနေဖြင့် ကြက်ခြေနီလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ကျော်မြင့်က နိုင်ငံတော်က တာဝန် ပေးအပ်သည့် ဗဟိုကော်မတီဝင် ၁၀ ဦး၏ အမည်စာရင်းကို ကြေညာသည်။ ယင်းနောက် ဝန်ကြီး ဒေါက်တာ ကျော်မြင့်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စစ်ရေးပြတပ်ခွဲအတွက် ငွေကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေထံ ပေးအပ်လှူဒါန်းပြီး ညီလာခံပထမပိုင်း အစီအစဉ်များကို ရပ်နားလိုက်သည်။ ထို့နောက် ညီလာခံ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေ က အမှာစကားပြောကြားပြီး အဋ္ဌမအကြိမ် ညီလာခံမှတ်တမ်းနှင့် နဝမအကြိမ် ညီလာခံသို့ တင်သွင်းသည့် ဗဟိုကောင်စီ၏ အစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်းခြင်း၊ ဗဟိုကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းနှင့်နဝမအကြိမ်နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြကာ မွန်းလွဲပိုင်းတွင် နဝမအကြိမ်နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် အနောက်ဘက်ရင်ပြင် (ကြာသပတေးထောင့်)အာရုံခံတန်ဆောင်း ဆောက်လုပ်ရန် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်၊ သံသုမာလမ်းနေ ဒေါ်အေး၊ (သား) မောင်အောင်ဝင်း၊ (သမီး) မခင်ပြုံး၊ မခင်သန်းဝင်း၊ မမြမြကြွယ် မိသားစုက အလှူငွေ ကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဖခင် ရွှေပန်းထိမ်ဆရာကြီး ဦးတင်လှိုင်-မိခင်ဒေါ်ညွန့်ရီတို့အား ရည်စူး၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဝင်းနိုင်-ဒေါ်စန်းတင့်၊ (ဦးစိုးနိုင်)-ဒေါ်မြင့်မြင့်ကျော်၊ ဒေါ်ဝါဝါလှိုင်၊ ဒေါ်အေးအေးသင်း၊ ဒေါ်နွယ်နီလှိုင် မောင်နှမတစ်စုတို့က သဃ်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက်(၅)လမ်း မေတ္တာအေး သာသနာ့ရိပ်သာအတွင်း၌ ဆောက်လုပ်သော သာသနာ့ဂုဏ်ရည်သုံးထပ်ကျောင်းဆောင် တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၄၅ သိန်းကို မေတ္တာအေးဆရာတော် ဓမ္မကထိက ဘဒ္ဒန္တသုဇာတထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

၂၀၀၈ မြန်မာ့ပရိဘောဂပြပွဲ

ရန်ကုန် မတ် ၃

၂၀၀၈ ခုနှစ် မြန်မာ့ပရိဘောဂပြပွဲကို မတ် ၃ရက်မှစ၍ မတ် ၇ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြပွဲ၌ ရန်ကုန်မြို့ရှိ နာမည်ကြီး ပရိဘောဂဆိုင်ကြီးများ ဖြစ်ကြသော Sinma၊ ချမ်းမြေ့သာ၊ ရွှေမှီ၊ အောင်စည်မိုး၊ မြင့်မြန်မာနှင့် ပစ်တိုင်းထောင် ပရိဘောဂဆိုင်တို့ ပါဝင်ပြသကြမည်ဟု သိရသည်။

အဆိုပါ ပြပွဲနေ့များ၌ လာရောက်ကြည့်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ နှစ်သက်ရာပရိဘောဂများကို စိတ်ကြိုက်ရွေးချယ်ကာ ဝယ်ယူနိုင်မည်ဖြစ်သည်ဟု သိရသည်။

(က-ပ)

မူးယစ်

ဆန့်ကျင်

အောင်ပွဲဆင်

101 ဆံပင်ပေါက်ဆေး အသုံးပြု၍ အကောင်းဆုံး တိုးတက်ကောင်းမွန်လာသူ ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃

ဦးအစီ မိသားစု ကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော ဆံပင်ပြန်လည်ရှင်သန်ပေါက်ရောက်စေသည့် အလှကုန် 101 Hair Tonic ဆံကေသာအတွက် အထူးသင့်လျော်သော 101 Proof Shampoo၊ 101 Nourishing Shampoo၊ ဝက်ခြံများကို ၁၈ ရက်အတွင်း လုံးဝပျောက်ကင်းစေသည့် 101 E Acne Getaway အစရှိသော အလှကုန်ပစ္စည်းများကို မိတ်ဆက်ပေးပြီး 101 Hair Tonic ကို အသုံးပြု၍ အကောင်းဆုံး တိုးတက်ကောင်းမွန်လာသူကို ရွေးချယ်သည့် အခမ်းအနားကို မတ် ၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Park Royal Hotel, Grand Ball Room ၌ ကျင်းပသည်။ ရှေးဦးစွာ ဦးအစီမိသားစု ကုမ္ပဏီလီမိတက်၏ ဆံပင်နည်းပညာရှင် ကိုဆွေအောင်ခိုင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Miss Zhang Li က 101 Hair Tonic သုံးစွဲပြီး ဆံကေသာ ပြန်လည် ကျန်းမာသန်စွမ်းလာမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် 101 Hair Regrowth Centre (1), (2), (3), (4)တို့တွင် 101 Hair Tonic အသုံးပြုနေသော 101 Customer ၂၇ဦးက Hair Tonic အသုံးမပြုမီပုံနှင့် အသုံးပြုပြီး ဓာတ်ပုံများကို နှိုင်းယှဉ်၍ ဆံကေသာ အတိုးတက်ဆုံးသူအား ရွေးချယ်မှုပြိုင်ပွဲကို ကျင်းပသည်။

101 Hair Tonic သည် ဆံပင်အကျွတ်များသူများ၊ ထိပ်ပြောင်၊ ထိပ်ကွက်သူများအတွက် အထူးစီမံဖော်စပ်ထားသော နိုင်ငံတကာကုန်ပစ္စည်းပြပွဲတွင် အော်စကာဆုရရှိခဲ့သော ဆံပင်ပြန်လည်ရှင်သန်ရန်အတွက် အကောင်းဆုံး အလှကုန်ပစ္စည်းဖြစ်သည်။ ထိုအလှကုန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အရေပြားပါရဂူ မစ္စတာ ကျောက်ကျန်းကွမ်းက ၁၉၆၈ ခုနှစ်မှစတင် စမ်းသပ်သုတေသနပြုလုပ်ခဲ့ကာ ၁၉၇၄ ခုနှစ်တွင် သိပ္ပံနည်းကျ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က စတင်၍ ယနေ့တိုင် အောင်မြင်နေသော ကုန်ပစ္စည်းဖြစ်သည်။

101ခေါင်းလျှော်ရည်သည် ဗောက်ပျောက်စေခြင်း၊ ဆံကေသာ ရှင်သန်မှုကို အားပေးခြင်း၊ ဆံပင် အကျွတ်များခြင်းမှ သိသိသာသာ ကာကွယ်ပေးခြင်း၊ ဆံပင်အဖျားနှစ်ခွဖြစ်ခြင်းကို ကာကွယ်ပေးခြင်း၊ ဆံပင်ပျော့ခြင်း စသည့် အကျိုးအာနိသင်များစွာရှိပြီး ထိုခေါင်းလျှော်ရည်ကို အသုံးပြုခြင်းဖြင့် ဆံပင်အမွေးအိတ်များ အောက်ခြေရှိ ဆံချည်မျှင်သွေးကြောငယ်များ သွေးလည်ပတ်မှုပုံမှန်ဖြစ်စေခြင်းတို့ကြောင့် ဆံကေသာ ကျန်းမာရေးကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသည်။

101-E အလှကုန်သည် အထူးသဖြင့် ဆယ်ကျော်သက်များ မျက်နှာပေါ်တွင် ပေါက်လေ့ရှိသော ဝက်ခြံများအပြင် ရင်ဘတ်၊ ကျောကုန်း၊ ခန္ဓာကိုယ်အနှံ့တွင် ပေါက်တတ်သော အပူကြောင့်ဖြစ်တတ်သော အဖု၊ အပိန့်အနာများရှိပါက လိမ်းပေးခြင်းဖြင့် ရောင်ရမ်းခြင်းကို ကာကွယ်ပေးသည့်အပြင် ပင်ကိုအသားအရေအတိုင်း ချောမွတ်စေပါသည်။ 101အလှကုန်ပစ္စည်းများကို ဆေးဖက်ဝင် သဘာဝ သစ်မြစ်သစ်ဖုများဖြင့် သိပ္ပံနည်းကျစွာ စီမံဖော်စပ်ထားသည်။

အသေးစိတ်သိလိုပါက ရန်ကုန်မြို့တွင် အမှတ်(၁၁၅)၊ လမ်း-၂၀၊ လသာမြို့နယ်၊ ဖုန်း-၀၁-၂၅၁၂၃၀၊ အမှတ်(၁၅) သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၁-၅၁၈၀၈၈၊ အမှတ်(၅၅)၊ ကျောက်မြောင်းဈေးလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၅၅၄၃၉၁နှင့် မန္တလေးမြို့တွင် မ/၁၀၊ ၇(င)၊ (၆၅) လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၆၂၂၅၃ တို့သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဦးအစီ မိသားစု ကုမ္ပဏီလီမိတက်၏ ဆံပင်နည်းပညာရှင် ကိုဆွေအောင်ခိုင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

စီမံကိန်းလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ အထက(၂)ကျောင်းတွင် ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို)တို့နှင့် ယူနီဆက်တို့ ကြီးမှူးကျင်းပသော စီမံကိန်းလုပ်ငန်းများ အသိပေး ညှိနှိုင်းဆွေးနွေးခြင်းနှင့် လူထုကွင်းဆင်းလုပ်သား သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် စီမံကိန်းလက်ထောက်မန်နေဂျာ ဒေါ်နန်းသန်းတင်တို့ အမှာစကား ပြောကြားကြပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။

(၅၄၂)

✱ ရှေ့ဖုံးမှ
အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြိတ်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ကို မြိတ်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပင်မလေးထပ်ဆောင် ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သစ်ပင်များကို စိုက်ပျိုးပေးရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဒုတိယဝန်ကြီးများက ကံ့ကော်ပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပင်မလေးထပ်ဆောင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ပင်မလေးထပ်ဆောင် အစည်းအဝေးခန်းမကြီး၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်မှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုတို့တွင် တပ်မတော်နှင့် ပြည်သူ ခွဲခြားမရအောင် တစ်သားတည်း ဖြစ်တည်နေမှု၏ သမိုင်းမော်ကွန်းမှတ်တိုင်များကို ထင်ဟပ်ဖော်ပြနေသည့် (၆၃)နှစ်မြောက် "တပ်မတော်နေ့" အကြိုကာလတွင် တပ်မတော် နေ့ထူးနေ့မြတ်ကြီးကို ဂုဏ်ပြုသောအားဖြင့် မြိတ်တက္ကသိုလ်၏ လေးထပ်ပင်မဆောင် အဆောက်အအုံသစ်ကြီးကို ဖွင့်လှစ်ရသည့်အတွက် အလွန်ပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် အခါသမယပင်ဖြစ်ကြောင်း။

ယနေ့ မြိတ်တက္ကသိုလ်တွင် ခေတ်မီစာသင်ခန်း ၇၀ ကျော်နှင့်တကွ ခန်းမကြီးများ၊ အဆင့်မြင့်စာကြည့်တိုက်နှင့် e-Learning Centre များ ပါဝင်သော ဤလေးထပ်ပင်မ အဆောက်အအုံကြီး ပေါ်ထွန်းလာခြင်းသည် ဒေသအတွင်း ဖြစ်ထွန်းနေပြီဖြစ်သည့် အဆင့်မြင့်ပညာ သင်ယူနိုင်ခွင့် အခွင့်အလမ်းကောင်းများကို ပညာရည် အရည်အသွေးကောင်းများ ဖြစ်လာအောင် မြှင့်တင်ပေးနိုင်မည့် အခြေခံကောင်းတစ်ရပ် တိုးပွားဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသအားလုံး တညီတညွတ်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြိတ်ဒေသသည်လည်း တခြားသော ဒေသများနည်းတူ ယှဉ်တွဲလိုက်ပါ ဖွံ့ဖြိုးတိုးတက်နေမှုကို ယခုကဲ့သို့ အကျိုးရလဒ်ကောင်းများက တစ်ဆင့် မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်းလည်း ဖြစ်ကြောင်း။

အလားအလာကောင်းမွန်

မြိတ်ဒေသအပါအဝင် တနင်္သာရီဒေသတစ်ခုလုံးသည် ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်သည့်အပြင် ရေမြေသယံဇာတ သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝလှသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအလားအလာ လွန်စွာမှ ကောင်းမွန်လှသော ဒေသတစ်ခုလည်း ဖြစ်ကြောင်း။

သို့သော်လည်း သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တနင်္သာရီဒေသသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝ သက်ဆင်းရချိန်တွင် ပထမဦးဆုံး တိုင်းတစ်ပါးလက်အောက် ကျရောက်သွားရသည့် ဒေသဖြစ်ခဲ့ကြောင်း၊ တိုင်းတစ်ပါးနယ်ချဲ့တို့သည် တနင်္သာရီဒေသ၏ သဘာဝသယံဇာတအရင်း အမြစ်များကိုသာ နှစ်ပရိစ္ဆေဒများစွာ အမြတ်ထုတ် အသုံးချခဲ့ပြီး ဒေသ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျစ်လျူရှုခဲ့ကြသည်ကို တွေ့ရကြောင်း၊ နိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင်လည်း တစ်ယူသန် လူမျိုးစွဲ၊ အယူဝါဒစွဲများကြောင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးရေး အလားအလာကောင်းများသည် ခေတ်အဆက်ဆက် မှေးမှိန်ခဲ့ရခြင်းဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ဤသမိုင်းကြွေးများကို ဖြေဖျောက်ပေးဆပ်နိုင်စေရန် တနင်္သာရီဒေသတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရအောင် ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် တနင်္သာရီဒေသသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် နယ်စပ်ဒေသ ဖြစ်သည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားကုန်သွယ်ရေး၊ လေကြောင်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး ကဏ္ဍများကိုပါ နိုင်ငံတော်အစိုးရအနေဖြင့် အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးတက်ဖြစ်ထွန်းလာ

ထို့ကြောင့် ယခုဆိုလျှင် တနင်္သာရီဒေသသည် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံ၏ တောင်ဘက်အစွန်အဖျား ကော့သောင်းမြို့က စတင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ရထားလမ်းများနှင့် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်မိနေပြီဖြစ်သည့်အပြင် ကော့သောင်း၊ ဘုတ်ပြင်း၊ မြိတ်နှင့်ထားဝယ်လေယာဉ်ကွင်းများသည်လည်း လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် အဆင့်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

အလားတူပင် ကော့သောင်းနှင့် မြိတ်တို့၌ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် တိုးတက်ဖြစ်ထွန်းလာသည့် လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများသည် ဒေသအတွင်း နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေး လုပ်ငန်းများကိုပါ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းစေလျက်ရှိကြောင်း။

ယနေ့ဆိုလျှင် တနင်္သာရီတိုင်းဒေသကြီးတစ်ခွင်လုံးသည် ပုဂ္ဂလိကကဏ္ဍ၏ ဆီအုန်းစိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကြီးများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ၊ ငါး ပုစွန် မွေးမြူရေးလုပ်ငန်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ၊ ပုလဲထုတ်လုပ်ရေး လုပ်ငန်းများ၊ စက်မှု၊ သစ်တောနှင့် ဓာတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းများ၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ စသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အလားအလာကောင်းများသည် အစီအရီ တိုးပွားဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ တိုးပွားဖြစ်ထွန်းလာနေသည့် လမ်းပန်းဆက်သွယ်ရေးနှင့်တကွ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံကောင်းများ ဆက်စပ်ပေါင်းစည်းပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းစေလျက်ရှိသည့် တစ်ချိန်တည်းမှာပင် ဤဖွံ့ဖြိုးတိုးတက်မှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်စေရေးအတွက် တည်ဆောက် ဖန်တီးပေးလျက်ရှိသည့် ပညာရေးအခြေခံကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံကောင်းများသည်လည်း ဆက်တိုက်အကောင်အထည်ပေါ် ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာကို ကြည့်လျှင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုများသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံစိုးမိုးလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး စသည့် ကဏ္ဍများအားလုံးကို အရှိန်အဟုန်ကြီးမားသည့် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည့်အတွက် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် ပညာရေးမြှင့်တင်မှု အစီအမံများကို အလေးထား ဆောင်ရွက်နေရသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူနိုင်ပြီး ပညာရည် အရည်အသွေး မြင့်မားသည့်အပြင် အစဉ်ရှင်သန်ဖွံ့ဖြိုးနေသည့် ပညာရေးစနစ်တစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရင်း နိုင်ငံတော်၏ဒေသအသီးသီး၌ ပညာရေး အခွင့်အလမ်းကောင်းများ၊ အဆင့်မြင့်ပညာ သင်ကြားသင်ယူမှု အရည်အသွေး တစ်ပြေးညီ ဖြစ်ထွန်းစေမည့် ပညာရေး အခြေခံကောင်းများကို ဖြန့်ကြက်ဖြစ်ထွန်းနေစေရအောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော်သစ်တည်ဆောက်နိုင်

ယနေ့အချိန်အခါတွင် နိုင်ငံအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် မွေးထုတ်ထားနိုင်မှသာ အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်များ၏ စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

အလားတူပင် အစဉ်ထာဝရ တည်ငြိမ်အေးချမ်းသာယာပြီး စည်းလုံးညီညွတ်ခိုင်မြဲသည့် ပြည်ထောင်စုကြီး ဖြစ်ထွန်းစေရေး ရည်မှန်းချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်အကောင်အထည်ပေါ်လာစေရေးတွင်လည်း တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားမှု စွမ်းအားသည် အဓိက လိုအပ်ချက်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း။

နိုင်ငံတော်သစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းတက်လှမ်းနိုင်ရေး လုပ်ငန်းစဉ်များကို အနှောင့်အယှက် အဟန့်အတားအဖုံဖုံ သွေးထိုးလှုံ့ဆော်မှု၊ ဖြားယောင်းသွေးဆောင်မှု၊ အကြမ်းဖက် ဖျက်ဆီးမှု စသည့် အဖျက်အမှောင့် နည်းလမ်းအမျိုးမျိုး ကြားကနေ ရင်ဆိုင်ဖြတ်သန်းရင်း အောင်အောင်မြင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေဖို့ဆိုရာတွင် တိုင်းရင်းသားပြည်သူများ အားလုံးက အခြေအနေ အချိန်အခါ အရပ်ရပ်၌ အမျိုးသားရေးအတွက် အမှန်အမှား၊ အဆိုးအကောင်းတို့ကို ပညာဉာဏ်ဖြင့် ဆန်းစစ်ပိုင်းခြားဆုံးဖြတ်နိုင်ရန် အလွန်အရေးကြီးကြောင်း။

ဒေသတွင်း ပြည်သူများ၏ ပညာရည် မြင့်မားမှု၊ တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရားနှင့် ပြည့်စုံမှု၊ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ အဆင့်အတန်းမီ ဖွံ့ဖြိုးတိုးတက်မှု စသည့် စွမ်းအားကောင်းများ ဖြစ်ထွန်းနေစေကာမှု တည်ငြိမ်အေးချမ်းပြီး

တနင်္သာရီဒေသတစ်ခွင် နယ်စပ်ဒေသများပါမကျန် အေးချမ်းသာယာရေး ထိန်းသိမ်
တစ်ယူသန် လူမျိုးရေး၊ ဝါဒရေး အစွဲအလမ်းများ ပြန်လည်ခေါင်းထောင်မလာ
ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ပညာဉာဏ်စွမ်းအားဖြင့် တားဆီးကာကွ

မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်ကို တွေ့ရစဉ်။
(သတင်းစဉ်)

စည်းလုံးညီညွတ်သည့် နိုင်ငံကြီးအဖြစ် ထိန်းသိမ်း စောင့်ရှောက်နိုင်စေရေးအတွက် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုင်းရင်းသားပြည်သူအားလုံး၌ ပြည့်စုံစေရန် လိုအပ်ကြောင်း။

အထူးသဖြင့် တနင်္သာရီဒေသ တစ်ခွင်လုံး နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တည်ငြိမ်အေးချမ်း သာယာရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရင်း မှားယွင်းသည့် တစ်ယူသန် လူမျိုးရေး၊ ဝါဒရေး အစွဲအလမ်းများ ပြန်လည်ခေါင်းထောင်မလာစေရအောင် ဆင်ခြင်တုံတရား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် မြိတ်တက္ကသိုလ်၏ ပင်မ လေးထပ်ဆောင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

...သာယာရေး ထိန်းသိမ်းစောင့်ရှောက် ...ည်ခေါင်းထောင်မလာစေရေးအောင် ...ဖြင့် တားဆီးကာကွယ်နိုင်ရန်လို

သန်းဆွေက မြိတ်တက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြိတ်တက္ကသိုလ် မဟာသိပ္ပံ ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသူ မအိဖြူမျိုးက ခမ်းနားထည်ဝါ လှပသစ်လွင်သည့် ပင်မလေးထပ်ဆောင် တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားနှင့် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာ တမ်းများကို ယုဇနဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးမြင့်က မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ၊ လူမှုထူးချွန်(ပထမဆင့်) ဦးဌေးမြင့် (ယုဇနကုမ္ပဏီ)က လှူဒါန်းသည့် မြိတ်တက္ကသိုလ်၌ အသုံးပြုရန် ဓာတ်လှေကား၊ မီးစက်၊ ကွန်ပျူတာ၊ ကျောင်းသုံးပစ္စည်းမျိုးစုံ ၂၂ မျိုးတို့အတွက် လှူဒါန်းငွေကျပ် သိန်း ၁၀၂၀ တို့ကိုလည်းကောင်း၊ ပညာရေး ငွေပဒေသာပင်အတွက် အလှူရှင် ဦးဝင်းမြင့်၏ လှူဒါန်းငွေကျပ် သိန်း ၁၀၀ နှင့် အလှူရှင် ဦးကျင်တိုး၏ လှူဒါန်းငွေကျပ် သိန်း ၁၀၀ တို့ကိုလည်းကောင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြိတ်တက္ကသိုလ်၊ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ်၏ အဏ္ဏဝါသိပ္ပံပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မြိတ်မြို့ရှိ ရေလုပ်ငန်းကုမ္ပဏီများက ကုမ္ပဏီအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Computer Training Centre နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ ပြုစုထားသည့် ပါရဂူဘွဲ့(သိပ္ပံ) ကျမ်းများ၊ ပါရဂူဘွဲ့(ဝိဇ္ဇာ) ကျမ်းများ၊ သုတေသနကျမ်းများ၊ ဒေသဖွံ့ဖြိုးရေး သုတေသနကျမ်းများနှင့် စာအုပ်စာတမ်းများကို ရှင်းလင်းပြသကြသည်။

မြိတ်တက္ကသိုလ်ကို ၁၉၉၉ ခုနှစ်တွင် မြိတ်ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ဒီဂရီကောလိပ်အဖြစ် ၂၀၀၁ ခုနှစ်တွင် အဆင့်မြှင့်ခဲ့ပြီး တက္ကသိုလ်အဖြစ် ၂၀၀၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ မြိတ်တက္ကသိုလ်ရှိကျောင်းသား၊ကျောင်းသူများအား အထူးပြုဘာသာရပ် ၁၃

နိုင်ငံတော်သစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းတက်လှမ်းနိုင်ရေး လုပ်ငန်းစဉ်များကို အနှောင့်အယှက် အဟန့်အတားအဖုံဖုံ သွေးထိုးလှုံ့ဆော်မှု၊ ဖြားယောင်းသွေးဆောင်မှု၊ အကြမ်းဖက် ဖျက်ဆီးမှု စသည့် အဖျက်အမှောင့် နည်းလမ်းအမျိုးမျိုးကြားကနေ ရင်ဆိုင်ဖြတ်သန်းရင်း အောင်အောင်မြင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေဖို့ဆိုရာတွင် တိုင်းရင်းသားပြည်သူများ အားလုံးက အခြေအနေ အချိန်အခါ အရပ်ရပ်၌ အမျိုးသားရေးအတွက် အမှန်အမှား၊ အဆိုးအကောင်းတို့ကို ပညာဉာဏ်ဖြင့် ဆန်းစစ်ပိုင်းခြားဆုံးဖြတ်နိုင်ရန် အလွန်အရေးကြီးကြောင်း။

ဒေသတွင်း ပြည်သူများ၏ ပညာရည် မြင့်မားမှု၊ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံမှု၊ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ အဆင့်အတန်းမီ ဖွံ့ဖြိုးတိုးတက်မှု စသည့် စွမ်းအားကောင်းများ ဖြစ်ထွန်းနေစေကာမူ တည်ငြိမ်အေးချမ်းပြီး လက်ကိုင်ထားပြီး ပညာဉာဏ်စွမ်းအားဖြင့် တားဆီးကာကွယ်နိုင်ရန် လိုကြောင်း။

ဉာဏ်စိတ်ဓာတ်ကောင်း၊ စွမ်းအားကောင်းများကို အခြေခံပြီး ဒေသတည်ငြိမ်အေးချမ်းရန်၊ စွမ်းအားရှိသရွေ့၊ အခွင့်အလမ်းရှိသရွေ့ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းမြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ တရားဥပဒေစိုးမိုးအောင်၊ စီးပွားကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဥပဒေစည်းမျဉ်းစည်းကမ်းဖြင့် ညီညွတ်စွာ တိုးတက်စည်ပင်စေရအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအား၊ အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားတို့ဖြင့် စောင့်ရှောက်မြှင့်တင်ပေးကြပါဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် မြိတ်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်ထံ မြိတ်တက္ကသိုလ် ပညာရေးငွေပဒေသာပင်အတွက် အလှူရှင် ဒေါက်တာမြိတ်လှိုင်နှင့် ဒေါ်မြတ်မြတ်မွန်တို့က ငွေကျပ် သိန်း ၅၀ စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးထံ ဦးဌေးမြင့် (ယုဇနကုမ္ပဏီ)က နည်းပညာတက္ကသိုလ် (မြိတ်)နှင့် ကွန်ပျူတာတက္ကသိုလ် (မြိတ်)တို့၌ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အလှူငွေကျပ် သိန်း ၅၀၀ စီကို ပေးအပ်လှူဒါန်းသည်။

မျိုးဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ယနေ့ ဖွင့်လှစ်သည့် မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်မှာ အလျား ၃၈၅ ပေ၊ အနံ ၂၈၁ ပေ ရှိသည့် သံကူကွန်ကရစ် အဆောက်အအုံ ဖြစ်သည်။

စာသင်ခန်း ၆၉ခန်း၊ အစည်းအဝေးခန်း တစ်ခန်း၊ စာကြည့်တိုက် တစ်ခန်း၊ ရုံးခန်း သုံးခန်း၊ Computer Room တစ်ခန်း၊ E. Learning Centre တစ်ခန်း၊ Language Lab တစ်ခန်း၊ လူ ၁၂၀၀ ဆံ့ အစည်းအဝေးခန်းမကြီး တစ်ခန်း၊ အဏ္ဏဝါဗေဒ ပြခန်းများ တစ်ခန်းတို့ဖြင့် စနစ်တကျ သပ်ရပ်ခံ့ညားစွာ ဖွဲ့စည်းတည်ဆောက်ထားသည့် အဆောက်အအုံသစ်ကြီးဖြစ်သည်။(သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရာမည ပရိယတ္တိ စာမေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ကျောင်းတိုက် ရာမည သာသနာ့ဗိမာန်တော်၌ (၂၆)ကြိမ်မြောက် ရာမည နိကာယ ပရိယတ္တိ စာမေးပွဲကို တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလဆန်း ၄ရက် (မတ် ၇ ရက်မှ ၁၀ ရက်) အထိ ကျင်းပမည်ဖြစ်သည်။

နာယက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော် အရှင်မြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများနှင့် စာအောင်ဆုနှင်းသဘင်ပွဲ ဆက်ကပ်လှူဒါန်းလိုသူများသည် သာသနာ ၂၅၀၀ ကျောင်း ဆရာတော် ဖုန်း-၀၅၇-၂၄၀၇၉၊ ဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ နိုင်ချစ်ငွေ ဖုန်း-၀၅၇-၂၄၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အကြိမ်(၄၀)မြောက် အလောင်းတော်ကဿပ ဖူးမြော်မည်

ရန်ကုန် မတ် ၃

အလောင်းတော်ကဿပ အရှင်မြတ်အား အကြိမ် (၄၀)မြောက် ဖူးမြော်မည့် ဒုတိယခရီးစဉ်ကို အလောင်းတော်ကဿပ ဝန်ဆောင်အဖွဲ့မှ ကြီးမှူး၍ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းမှ ဧပြီ ၃ ရက်တွင် ထွက်ခွာမည်ဖြစ်ရာ ဖိုလ်ဝင်တောင်မှ လိုက်ပါလိုသူများ ဧပြီ ၂ ရက် အရောက်လာကြရမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်မှ လိုက်ပါလိုသူ ပါရမီရှင်များသည် ဦးမောင်မောင်ဌေး အမှတ် (၈၂) မဟာဗန္ဓုလလမ်း ၁၀ လမ်းထိပ် လမ်းမတော်မြို့နယ် ဖုန်း-၀၉-၅၀၅၆၈၁၃၊ ၂၂၆၀၂၄ တို့သို့ မတ် ၂၃ ရက် နောက်ဆုံးထား စာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မလွန်ဈေးဆန်လှူအသင်းကြီးသို့ ငွေနှင့် ဆွမ်းဆန်တော်များ လှူဒါန်း

ရန်ကုန် မတ် ၃

မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး၏ နယ်လှည့်မေ့ကထိက သစ္စာဝါဒီဆရာတော် ဦးတေဇနိယ၊ အလုပ်အမှုဆောင် ဦးထွန်းအောင်ကျော်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ် မလွန်ဈေးဆန်လှူသင်းထောက်လူကြီးများထံသို့ အလှူခံထွက်ရာ ဆွမ်းဆန်တော်အလှူငွေငါးသိန်းကျော်နှင့် ဆွမ်းဆန်တော်တင်းပေါင်း ငါးရာကျော်တို့ အလှူခံရရှိသည်။

အသင်းကြီး၏ (၁၁၂)နှစ်မြောက် အလှူခံရရှိသည့် မဟာသံဃိကတဏ္ဍုလ ဆွမ်းဆန်တော်များကို စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးနှင့် မန္တလေး ငါးမြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အား ဆွမ်းဆန်တော်များကို ကြိုတင်လှူဒါန်းနေပါ၍ နယ်သင်းထောက်များမှ ဆွမ်းဆန်တော်များကို အသင်းကြီးသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
– တတိယနှစ်
(စီးပွားရေးပညာအထူးပြု)
(စီးပွားရေးပညာ)
၄:၅၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
၅:၁၀ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၅:၅၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း-၅)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှင်းပြိုင်" (အပိုင်း-၉)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ငါးကြီးကွေ့ ဆရာတော်အား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် မတ် ၃

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ရရှိသော ငါးကြီးကွေ့ ဆရာတော် ဘဒ္ဒန္တ ဝိလာသအား နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ မတ် ၁၈ ရက် နံနက် ၉ နာရီတွင် ဂုဏ်ပြုပူဇော်မည် ဖြစ်ပါသဖြင့် ရေတာရှည်မြို့နယ် အသင်းသူ၊ အသင်းသားများ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် နှင့်ဆက်သွယ်လိုပါက ဒုတိယဗိုလ်မှူးကြီးလှမောင်(ငြိမ်း) နာယက ဖုန်း-၅၀၅၅၀၀၊ ဦးမောင်မောင်ကြည် ဥက္ကဋ္ဌ ဖုန်း -၀၉-၉၈၄၂၄၇၁ နှင့် ဦးတင့် အတွင်းရေးမှူး ဖုန်း-၅၇၈၇၆၂တို့သို့ ဆက်သွယ်နိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

ဝန်ကြီးဗိုလ်ချုပ်လှထွန်း စီမံခန့်ခွဲရေးအဆင့် အရာထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများ တွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မန်နေဂျာနှင့်အထက် စီမံခန့်ခွဲရေးအဆင့် အရာထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဘဏ္ဍာရေးနှစ်သစ်တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ်လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန် အကျယ်တဝင့် မှာကြားပြီး ဘဏ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် စီမံထားရှိမှုများ၊ SWIFT (Society for Worldwide Interbank Financial Telecom - munication) စနစ်အသုံးပြုပြီး နိုင်ငံတကာ ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်း အခြေအနေများနှင့် Online Banking System များကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများအား အမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

ကျိုက်ထီးရိုးစေတီ ပဋ္ဌာန်းပူဇော်၊ မဟာဒုက်ဘုရားမဲ၊ ဒုလ္လဘရဟန်းမဲဖွင့်

ရန်ကုန် မတ် ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ရင်ပြင်တော် ဈေးသူ၊ ဈေးသားများ၏ (၁၃)ကြိမ်မြောက် မဟာဒုက်ဘုရားမဲ၊ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဒုလ္လဘရဟန်းမဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲများကို ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၆ ရက်အထိ ကျင်းပလျက်ရှိရာ မဟာဒုက်ဘုရားမဲ သုံးဆူနှင့် ဒုလ္လဘရဟန်းမဲ ၂၅ ပါးတို့ကို ဖေဖော်ဝါရီ ၂၁ ရက်က ရင်ပြင်တော် ကျင်းပရေးမဏ္ဍပ်၌ မဲဖွင့်ရွေးချယ်ခဲ့သည်။

မဟာဒုက်ဘုရားမဲ သုံးဆူကံထူးသူများမှာ တောင်တက်မော်တော်ယာဉ်လိုင်းမှ (၃၈/၂၄၃၉)၊ ဒေါ်နွဲ့ သိမ်ကြီးဈေး(ဘီ)ရုံ၊ ဦးတင်လှ လှိုင်သာယာမြို့နယ်၊ ဒုလ္လဘရဟန်းမဲ ကံထူးရှင်များမှာ ဒေါ်ခင်မြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဦးမောင်မောင်ရင်သော် ပန်းဘဲတန်း၊ ဦးမောင်မောင်ဌေး ပုဇွန်တောင်၊ ဦးကျော်စိုး ပဲခူး၊ ဦးသန့်ဇင် ပေါင်မြို့၊ ဦးနေဝင်း ပဲခူး၊ ဒေါ်ဖွားသန်း ကျိုက်ထီးရိုး၊ ဒေါ်ခင်ဝင်း တောင်ဥက္ကလာပ၊ ဦးသန်းငြိမ်း အင်းစိန်၊ ကိုမျိုးသူရ တိုက်ကြီး၊ ကိုမိုးဝင်းထွဋ် သဃ်န်းကျွန်း၊ ဦးကျော်ရွှေ တာမွေ၊ ဦးအောင်မြင့် စမ်းချောင်း၊ ကိုအောင်ကျော်ဆန်း ကမာရွတ်၊ ဆည်းလည်းဌာန ရင်ပြင်တော် ကျိုက်ထီးရိုး၊ ကိုသက်စိုး ရွှေပြည်သာ၊ ဦးတင်အောင် ပုဇွန်တောင်၊ ပေ ၄၀ တည်းခိုဆောင် ကျိုက်ထီးရိုး၊ ဦးကျော်သိန်း ပဲခူး၊ ကိုကျော်သူရ အလုံ၊ ဦးဘဟန် တိုက်စီး-မန္တလေး၊ မခင်စန်း ပဲခူး၊ ကြူကြူဝင်း စားသောက်ဆိုင် ကျိုက်ထီးရိုး၊ မညိုမေလွင် မြောက်ဥက္ကလာပနှင့် ဦးသိန်းဟန် လှိုင်မြို့နယ်တို့ ဖြစ်ကြပြီး မတ် ၆ ရက်တွင် ရေစက်သွန်းချ တရားတော်နာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၅၃၇)



တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း တော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် ဝိသာခါ ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ရွှေဥဒေါင်းလမ်း တာမွေကြီး (က+ဂ) ရပ်ကွက်နေ ဒေါ်တင်ကြည်မိသားစုက ကွယ်လွန်သူ ဦးစိန်ဝင်း ခြောက်နှစ်ပြည့်အား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ဂေါပက အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီး စောမြင့် (ငြိမ်း) လက်ခံရယူကာ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ် သိမ်တော်ကြီးတွင် အောက်ထပ်ကြွေပြား ၁၀ ပေ ပတ်လည် တစ်ခန်းအတွက် ဒုတိယအကြိမ် အလှူငွေကျပ် တစ်သိန်းကို နှစ်ဖက်သော မိဘများအား ရည်စူး၍ တာမွေမြို့နယ် ၁၆၆ လမ်းနေ ဦးအောင်မြတ်-ဒေါ်မြင့်မြင့်စိန်၊ သမီး မစန္ဒာ၊ သား မောင်ရဲမြတ်သူ၊ သမီး မပန်းခြူးခြူး မိသားစုက ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ (ရတနာ ဇေယျာကျောင်း) ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးဘချို လက်ခံယူစဉ်။ (က-ပ)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ သက်မောင်မောင် ပထမရရှိ

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltdက အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008 Qualify Round)၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် တညင်းကုန်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီး ရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီး တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ International Beverages Trading Co., Ltd. မှ ပြင်ပဆက်ဆံရေးမန်နေဂျာ ဦးရဲတင့်က ပြိုင်ပွဲတွင် Putting Challengeပြိုင်ပွဲ၌ ဆုရရှိသောကျော်မင်းအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးက ကိုက် ၂၈၀ ဖြင့် ကျင်းအမှတ်(၉)၌ Longest Driveပြိုင်ပွဲတွင် ဆုရရှိသော ကျော်မင်းသန်းအား လည်းကောင်း၊ နှစ်ပေ ငါးလက်မဖြင့် ကျင်းအမှတ် ၁၁ ၌ Nearest To The Pin ပြိုင်ပွဲတွင် ဆုရရှိသော အောင်နိုင်ထူးအား လည်းကောင်း ဆုများကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီး ရိုက်အဖွဲ့ချုပ်မှ အမှုဆောင်များ ဖြစ်ကြသော ဦးချမ်းဟန်က ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသော ဒသမမှ အဋ္ဌမအထိ ဂေါက်သီးရိုက် အားကစားသမားများအားလည်းကောင်း၊ ဦးကိုကိုလေးက သတ္တမမှ ပဉ္စမအထိ ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က စတုတ္ထမှ ပထမ အထိ ဂေါက်သီးရိုက် အားကစားသမားများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အောက်ပုံ)**က Handicapပြိုင်ပွဲတွင် Nett Total ၁၃၉ ချက်ဖြင့် ပထမရရှိသော သက်မောင်မောင်၊ Nett Total ၁၄၀ ဖြင့် ဒုတိယရရှိသော ဝင်းစိန်နှင့် Nett Total ၁၄၀ ဖြင့် တတိယရရှိသော နိုင်ရဲလင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် Scratch ပြိုင်ပွဲတွင် ပထမ ရရှိသော သက်ဇော်ထွေး၊ ဒုတိယ ရရှိသော ကျော်လှိုင်၊ တတိယရရှိသော မင်းသူရအောင်၊ စတုတ္ထရရှိသော မြတ်မင်းထွန်းနှင့် ပဉ္စမရရှိသော နိုင်ရဲလင်းတို့အား ဆုများကို International Beverages Trading Co., Ltdမှ Desing and Development ဒါရိုက်တာ ဦးတင့်ဦးက ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်ဂေါက်ကလပ်သို့ အမှတ်တရ လက်ဆောင်ကို ပေးအပ်ရာ ရန်ကုန် ဂေါက်ကလပ်မှ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်မြတ်က လက်ခံသည်။ အဆိုပါ ဂေါက်သီးရိုက် အားကစားသမား ငါးဦးတို့သည် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည့် ဗိုလ်လုပွဲ (Final Round)သို့ တက်ခွင့်ရရှိသွားကြသည်။

အဆိုပါပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co., Ltdက ဖြစ်ပြီး Co-Sponsors များအဖြစ် Srixon, Alpine (Purified Drinking Water), Dusit Inya Lake Resort Yangonတို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Managementက တာဝန်ယူ ဆောင်ရွက်သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြော

ရန်ကုန် မတ် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန စစ်ကိုင်းတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းတပ်ဖွဲ့ မထသ(မုံရွာ)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုံရွာမြို့ရှိ ယာဉ်လိုင်းအသီးသီးမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့ အထက(မုံရွာ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဟောပြောပွဲတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဖေမြင့်နှင့် ကညန၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မထသ(မုံရွာ)တို့မှ တာဝန်ရှိသူများက ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရေးအတွက် ဝန်ကြီးဌာနနှင့် ရုံးချုပ်၏ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်များ ပြည့်စုံစေရေး၊ ယာဉ်မောင်းများလိုက်နာရမည့် ယာဉ်စည်းမျဉ်း၊ စည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (ခရိုင်ပြန်/ဆက်)

လက်တွေ့မီးငြိမ်းသတ်မှုလေ့ကျင့်

ရန်ကုန် မတ် ၃

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် စက်သုံးဆီ အရောင်းဆိုင် အမှတ် (၀၆၃၁) မှ မန်နေဂျာ၊ ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက စက်သုံးဆီ အရောင်းဆိုင်၌ ကျင်းပရာ ဒုတိယ တိုင်းရောင်းဝယ်ရေးအရာရှိ ဦးသန်းထွန်းဦး၊ ဆိုင်ကြီးကြပ်စစ်ဆေးရေးမှူး ဦးဖိုးပါ၊ အကြီးတန်း ဆိုင်မန်နေဂျာ ဦးဆန်းအောင်၊ လက်ထောက်မန်နေဂျာ ဦးစိုးမြတ်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘုန်းအဲရ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ဘူးများကို အသုံးပြုပြီး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုကို ပြသဆောင်ရွက်သွားကြောင်း သိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပေးမည့် ၁၆ သင်းအဆင့် ရှုံးထွက်ဒုတိယအကျော့ပွဲများ

ဝင်းတင် (ကြေးမုံ)

ဥရောပဘောလုံးအဖွဲ့ချုပ်မှ ကျင်းပခဲ့တဲ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲဟာ ယခုနှစ်ဆိုလျှင် ၅၂ နှစ် သက်တမ်းရှိခဲ့ပါပြီ။ ချန်ပီယံလိဂ်မှာ ရေပန်းမစားသောအသင်းဆို၍ အထင်သေးလို့ မရသလို ရေပန်းစားသည့်အသင်းဆို၍လည်း ပိုမိုတွက်ဆထားလို့မရပါဘူး။ လီဗာပူးဟာ ၂၀၀၄-၂၀၀၅ ခုနှစ်က ပရီမီယာလိဂ်မှာ ခြေပျက်နေချိန် ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်နိုင်ခဲ့တာ၊ နည်းပြ မော်ရင်ဟိုလက်ထက်က ပေါ်တူဂီက ပေါ်တိုအသင်းဟာ မန်ချက်စတာ ယူနိုက်တက်နဲ့ တခြားဥရောပအသင်းကြီးတွေကို ကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ဖလားကြီးကို ရရှိခဲ့တာ စတဲ့ သာဓကများရှိခဲ့ပါတယ်။

ရှုံးထွက်အဆင့်ကို ရောက်လာပြီဖြစ်တာကြောင့် ပြိုင်ဆိုင်မှုကလည်း အရှိန်မြင့်လာပါပြီ။ ယခုယှဉ်ပြိုင်ရမယ့် ဒုတိယအကျော့ဟာ ကွာတားဖိုင်နယ်တက်ရောက်ရန်အတွက် အဆုံးအဖြတ်ပေးတော့မှာဖြစ်ပါတယ်။ ယခုအဆင့်ဟာ အုပ်စုပွဲများလို အနည်းငယ်မျှ အတိမ်းအစောင်း အမှားအယွင်းခံလို့ မရတော့ပါဘူး။ ချန်ပီယံလိဂ် အစဉ်အလာအရ ဒုတိယအကျော့ပွဲများကို အိမ်ကွင်းမှာ လက်ခံကစားရတဲ့အသင်းများက အခွင့်အရေးပိုကောင်းတတ်ပါတယ်။ ဒါကြောင့် ယခု အိမ်ကွင်းမှာကစားရမယ့် အေစီမီလန်၊ အင်တာမီလန်၊ ရီးယဲလ်မဒရစ်၊ ဘာစီလိုနာ၊ ဆီဗီလာ၊ မန်ယူ၊ ချယ်လ်ဆီးနဲ့ ပေါ်တိုတို့အထဲမှ ဘယ်အသင်းက ကွာတားဖိုင်နယ်တက်သွားမလဲဆိုတာ စောင့်ကြည့်ရမှာပါ။

ယခု ဒုတိယအကျော့ပွဲများတွင် ပရိသတ်အကြိုက်တွေ့မယ့်ပွဲကတော့ အေစီမီလန်နဲ့ အာဆင်နယ်၊ မန်ယူနဲ့ လိုင်ယွန်၊ ရီးယဲလ်မဒရစ်နဲ့ ရိုးမားတို့ပွဲတွေပဲဖြစ်လာမှာပါ။

ပရီမီယာလိဂ်မှာ ထိပ်ဆုံးကဦးဆောင်နေတဲ့ အာဆင်နယ်ဟာ အစဉ်အလာကြီးပြီး လက်ရှိချန်ပီယံဖြစ်တဲ့ အေစီမီလန်နဲ့ ဒီအဆင့်မှာဆုံတွေ့ရတာဟာ ခက်ခဲမှုတစ်ခုပါပဲ။ အေစီမီလန်ရဲ့ အဓိကကစားသမားများဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို သုံးကြိမ်ထက်မနည်း ကစားထားဖူးတဲ့ သမ္မာရင့်တွေဖြစ်နေတာကို တွေ့ရပါတယ်။

အေစီမီလန်အတွက် အားသာချက်တစ်ခုရှိတာက အင်္ဂလန်ကလပ်များရဲ့အထာကို ကြေညက်မှုရှိခြင်းပါပဲ။ အင်္ဂလန်မှာ ချန်ပီယံလိဂ် အအောင်မြင်ဆုံးဖြစ်တဲ့ မန်ယူနဲ့ လီဗာပူးတို့ကို ယမန်နှစ်က အနိုင်ယူခဲ့တာကြောင့် အာဆင်နယ်အနေနဲ့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက် နည်းပါးလှပါတယ်။ အကယ်၍ အေစီမီလန်တွင် ကာကာ မပါဝင်နိုင်ဘူး ဆိုရင်တော့ အာဆင်နယ်တို့ ဆန်စီရိုမှာသရေလောက်တော့ ကစားနိုင်မှာပါ။

နောက်ထပ် ပွဲကောင်းတစ်ပွဲဖြစ်တဲ့ မန်ယူနဲ့ လိုင်ယွန်တို့ပွဲမှာတော့ အိမ်ရှင် မန်ယူဟာ လိုင်ယွန်ကို အနိုင်ကစားနိုင်ရေးအတွက် ပရီမီယာလိဂ်ပွဲစဉ် ၂၈မှာ စီရိုနယ်ဒို၊ ဝိန်းရွန်နေးနဲ့ အန်ဒါဆင်တို့ကိုအရန်စာရင်းမှာပဲထားပြီး ဒုတိယပိုင်းရောက်မှ စီရိုနယ်ဒိုနဲ့ ဝိန်းရွန်နေးတို့ကို ထည့်သုံးခဲ့တာကို ကြည့်ခြင်းအားဖြင့် ဆရာကြီးဖာဂူဆန်ဟာ ဒီပွဲအတွက် အသေအချာပြင်ဆင်နေတယ်ဆိုတာ သိသာပါတယ်။ ဒီပွဲမှာ မန်ယူနိုင်မှာ ဖြစ်ပေမယ့် လိုင်ယွန်ဂိုးသမား ကူးပက်ကောင်းလွန်းတာကြောင့် မန်ယူ ဂိုးပြတ်ဖို့တော့ မလွယ်လှပါဘူး။ ဒါ့အပြင် ရီးယဲလ်မက်ဒရစ်နဲ့ ရိုးမားပွဲကလည်း အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမယ့်ပွဲတစ်ပွဲ ဖြစ်လာမှာပါ။

ချန်ပီယံလိဂ် ၁၆သင်းအဆင့်ရှုံးထွက် ဒုတိယအကျော့မှာ ယှဉ်ပြိုင်ကစားမယ့် ပွဲတွေကတော့ မတ် ၅ရက် (ဗုဒ္ဓဟူးနေ့) မှာ အေစီမီလန်နဲ့ အာဆင်နယ်၊ ဘာစီလိုနာနဲ့ ဆဲလ်တစ်၊ ဆီဗီလာနဲ့ ဖီနာဘာချီ၊ မန်ယူနဲ့ လိုင်ယွန်၊ မတ် ၆ရက်(ကြာသပတေးနေ့) မှာ ရီးယဲလ်မက်ဒရစ်နဲ့ ရိုးမား၊ ချယ်လ်ဆီးနဲ့ အိုလံပီယာကော့စ်၊ ပေါ်တိုနဲ့ရှော်ကေးတို့ပဲ ဖြစ်ပါတယ်။ အင်တာမီလန်နဲ့ လီဗာပူးတို့ပွဲစဉ်ကိုတော့ မတ် ၁၂ရက်မှာ ကစားမယ်လို့ သိရပါတယ်။

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူမေ့ရိပ်သာ ကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် သမိုင်း(၂) ရပ်ကွက် ဇေယျာသုခလမ်းနေ နှစ်ဖက်သော မိဘတို့အား အမှူးထား၍ ကိုကျော်ဝင်းမင်းမြတ်-မအိမွန်အောင်မိသားစုတို့က ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ (ပုဂံ)ရှေ့မှောက်၌ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးပေါ်ထွန်း ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

ရခိုင်ကမ်းလွန်၌ ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Ngwe Oil & Gas Pte, Limited. သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် M-8 ၌ 2 D Marine Seismic Acquisition about 3200 Lkm တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ATLAS ဖြင့် မတ် ၅ရက်မှ ဧပြီ ၁၅ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition about 3200 Lkm တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ မိနစ်၄၀ ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁မိနစ် ၀၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ မိနစ် ၄၀ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉မိနစ် ၀၀စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃မိနစ် ၀၀စက္ကန့်နှင့် Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁မိနစ် ၀၀စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် M-8 တွင် 2D Marine Seismic Acquisition about 3200 Lkm တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ATLAS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ၂၀၀၈ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ ည ၆ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ရွှေတံဆိပ်ဆုကို အမျိုးသား Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် ကြေးတံဆိပ်ဆုကို အမျိုးသမီး Compound မီတာ ၇၀ မြား ၇၂ချောင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငိုမ်းတို့က ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်သီး အာရှထိပ်သီး မြားပစ်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ သြစတြေးလျ၊ ကာဇက်စတန်၊ လာအို၊ မွန်ဂိုလီးယား၊ ကာတာ၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ အိမ်ရှင်ထိုင်းနှင့် မြန်မာတို့အပြင် ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ) ဒေသတို့မှ Compound အမျိုးသား ၃၆ဦး၊ အမျိုးသမီး ၁၉ဦး၊ Recurve အမျိုးသား ၅၃ဦး၊ အမျိုးသမီး ၃၇ဦး၊ စုစုပေါင်း ၁၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဂျူရီအဖြစ်လည်းကောင်း၊ မြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်သူရစိုးက ဒိုင်လူကြီးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့တွင် အုပ်ချုပ်/နည်းပြအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ နည်းပြအဖြစ် ဦးအောင်နိုင်ဦး၊ အားကစားသမားများအဖြစ် Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ကျော်လင်းထွန်း၊ Compound အမျိုးသား-ရဲမင်းဆွေ၊ ကျော်ချမ်းငြိမ်း၊ လင်းနိုင်နှင့် အမျိုးသမီး-အောင်ငိုမ်းတို့ ပါဝင်ကြသည်။ (ကြေးမုံ)

ရွှေတစ်ခု၊ ကြေးတစ်ခုရရှိခဲ့သော မြန်မာမြားပစ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၈(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ (အပိုင်း-၁)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စည်းခြားထားတဲ့အချစ် (အပိုင်း-၁၁)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မှုခင်းသတင်းများ မှုခင်းသတင်းများ မှုခင်းသတင်းများ

တယ်လီဖုန်းရုံမှ မှန်များရိုက်ခွဲသူလူငယ်နှစ်ဦးအား အမှုဖွင့်အရေးယူ

ရန်ကုန် မတ် ၃

လှိုင်မြို့နယ် ၁၀ရပ်ကွက် ပြည်လမ်း တံတားဖြူမှတ်တိုင်အနီးရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ဟံသာဝတီ အိတ်ချိန်းနယ်မြေ (၂၂) အများပြည်သူသုံးတယ်လီဖုန်းရုံတွင် ကာရံထားသော မှန်များကို မတ် ၁ ရက် ည ၈ နာရီခန့်က သီဟဦး (၂၀)နှစ် (ဘ)ဦးမြ၊ အမှတ် (၁၅၃၀)၊ ထူပါရုံ (၉)လမ်း၊ ထူပါရုံရပ်ကွက် သာကေတမြို့နယ် နှင့် စိုးဝင်းထက် (၁၉)နှစ် (ဘ)ဦးတင်စိုး၊ အမှတ် (၁၅) (၅) လမ်း၊ သီရိမွန်ပလာဇာဝင်း မရမ်းကုန်းမြို့နယ်နေသူတို့နှစ်ဦး အရက်မူးယစ်ပြီး တယ်လီဖုန်းရုံရှိ မှန် (၂၃ x ၁၈)လက်မအကျယ် မှန်နှစ်ချပ် ကာလတန်ဖိုး ငွေကျပ် ၆၀၀၀ ကို ရိုက်ခွဲဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဟံသာဝတီအိတ်ချိန်းမှ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးဝင်းရွှေက တရားလိုပြုလုပ်၍ လှိုင်မြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သဖြင့် ရဲစခန်းက (ပ)သတင်းအချက်အမှတ် ၉၅/၂၀၀၈ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေရည်စိမ်ကြေးလက်စွပ်ကို ရွှေဟု လိမ်လည်ပေါင်နှံသူအား အရေးယူ

ရန်ကုန် မတ် ၃

မတ် ၂ရက် မွန်းတည့် ၁၂နာရီခန့်တွင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်ရှိ ဒေါ်အေးဝင်း၏ အမိန့်ရအပေါင်ဆိုင်သို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး ကျောက်ဖြူတစ်လုံးပါ ကျားဝတ်လက်စွပ်တစ်ကွင်းအား တန်ဖိုးငွေကျပ် ၁၂၀၀၀၀ ဖြင့် ပေါင်နှံသဖြင့် ဆိုင်ရှင် ဒေါ်အေးဝင်းက စစ်ဆေးကြည့်ရှုရာ အလေးချိန် ငါးပဲသားခန့်ရှိရွှေရည်စိမ်ကြေးလက်စွပ် ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိသဖြင့် သန်လျင်ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ရွှေရည်စိမ်ကြေးလက်စွပ် ပေါင်နှံသူ ဒေါ်ခင်ရီ စစ်ပင်ခံကျေးရွာ သုံးခွမြို့နယ်နေသူအား သန်လျင်ရဲစခန်းမှ (ပ) ၂၀၁/၀၈ ဖြင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၀ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လိုင်စင်မဲ့ ဆိုင်ကယ်စီးနင်းသူ ဖမ်းဆီးအရေးယူ

ရန်ကုန် မတ် ၃

မတ် ၁ရက် နံနက် ၉နာရီက မင်္ဂလာဒုံရဲစခန်းမှ ရဲအုပ် စိုးလှိုင်ဦးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ဝါယာလက်ဈေးထိပ်၌ ယာဉ်များကို ရပ်တန့်စစ်ဆေးရာ ဝင်းကိုနိုင် ပေါက်ကုန်းရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေသူ စီးနင်းလာသည့် နံပါတ် မပါ၊ တရုတ်နိုင်ငံလုပ် ကန်ဘိုအမျိုးအစား ကျောက်စိမ်းရောင်ဆိုင်ကယ်မှာ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လိုင်စင်မဲ့ ဆိုင်ကယ်စီးနင်းသူ ဝင်းကိုနိုင်အား မင်္ဂလာဒုံရဲစခန်းမှ (ပ) ၁၅၃/၀၈၊ သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ-၅(၁)/၅(၃)ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်မြို့နယ်ရှိ ဂရိတ်ဝေါစားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် ဒေသခံတောင်သူများ အကျိုးတူစိုက်ပျိုးသည့် ဧက၂၆၀ ကြံစိုက်ခင်းတွင် မြေပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်မြို့နယ်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၁ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် ထီးချိုင့်မြို့ စံပြရပ်ကွက်၌ကျင်းပသည့် ၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်၌ထည့်သွင်းစိုက်ပျိုးပေးသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင် ၁၉ဧကစာအတွက် မျိုးကိုင်း၂၃၈၀၀နှင့် ဧက ၇၀စာအတွက် မျိုးစေ့၈၄၀၀၀ တို့ကိုစုပေါင်းစိုက်ပျိုးကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ်၏ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ⇨

ယနေ့ သတင်းဆောင်းပါးအညွှန်း

ဆိုမာလီယာကို အမေရိကန်လေကြောင်းမှ တိုက်ခိုက်ခြင်း အပါအဝင် နိုင်ငံတကာသတင်းများ — စာမျက်နှာ-၄၊၅

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက် ဒုတိယအကျော့ ပွဲများ — စာမျက်နှာ-၁၁

မှုခင်းသတင်းများ — စာမျက်နှာ-၁၁

အထပ်မြင့်တိုက်များ၌ မီးလောင်လျှင်

- ခုန်မချပါနှင့်
- မကြောက်ပါနှင့်
- စိတ်ငြိမ်ငြိမ်ထားပါ
- အချိန်မီ မီးသတ်သို့ အကြောင်းကြားပါ

လက်ဖက်ရည်ကြမ်းသည် ဆီးချိုရောဂါ တိုက်ဖျက်ရာ၌ အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များတွေ့ရှိ

လန်ဒန် မတ် ၃

လက်ဖက်ရည်ကြမ်း (အဖန်ရည်)ကိုသောက်ခြင်းသည် ဆီးချိုရောဂါကို ကာကွယ်တားဆီးရာတွင် အထောက်အကူ ဖြစ်နိုင်ကြောင်း ရှာဖွေတွေ့ရှိချက်အသစ်များအရ သိရှိလာရပြီဖြစ်သည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လက်ဖက်ရည်ကြမ်းသည် အမျိုးအစား-၂ ဆီးချိုရောဂါ၏ ယေဘုယျရောဂါ လက္ခဏာ အများအပြားကိုတိုက်ဖျက်နိုင်မည့်အလားအလာများရှိနေကြောင်း၊ လက်ဖက်ရည်ကြမ်းတွင်ပါဝင်သည့် ဓာတ်များက အင်ဆူလင်ကို အစားထိုးနိုင်မည်ဟု ယုံကြည်ကြောင်း စကော့တလန်နိုင်ငံ ဒန်းစီးတက္ကသိုလ်မှ သုတေသနပြုသူများက ပြောကြားသည်။

စကော့တလန်နိုင်ငံတွင် လူဦးရေ၁၉၀၀၀၀ကျော်တို့မှာ ခန္ဓာကိုယ်တွင်အင်ဆူလင်လုံလောက်စွာ မထုတ်လုပ်နိုင်သော ဆီးချိုရောဂါခံစားနေကြရသူများဖြစ်သည်ဟု ယုံကြည်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒